ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (10-11-2006) (၅၁၃)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်သစ်စနစ်သစ်အတွက် မျှော်မှန်းချက်ကြီးကြီးထားပြီး ယခုကဲ့သို့ အုပ်ချုပ်ရေးအပိုင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည့်အခါတွင် ပြည်သူ့ဝန်ထမ်းများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူကို ကျေသားရင်သား မခွဲခြားဘဲ စောင့်ရှောက်ကူညီ၊ ပြည်သူများအပိုင်းကလည်း အုပ်ချုပ်ရေး၏ တန်ဖိုးနှင့် အနှစ်သာရကို တွေ့မြင်နားလည်ပြီး ပြည်သူ့ဝန်ထမ်းများကို ပြန်လည်စောင့်ရှောက်ကူညီ။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) အကြို ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်ကိုအဆင့်မှန်မှန်ပြင့် ညင်သာသိမ်မွေ့စွာ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းသွားရမည့် ပြုပြင်ပြောင်းလဲတည်ဆောက်မှုများ၏ အောင်မြင်မှုရလဒ်များကို ကလ္လာတိုင်း၊ ဒေသတိုင်းတွင် တွေ့မြင်နေရ နိုင်ငံတော်နှင့်ပြည်သူအားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက်ထမ်းဆောင်နိုင်သည့်၊ ပြည်သူလေးစားအားကိုးသည့် အစိုးရယန္တရားဖြစ်ရေး မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အကြို ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

## နိုင်ငံဖက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားတို့၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၁၁-၂၀၀၆
(သောကြာနေ့)

# နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးဖြစ်သည်။ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမည့် မွန်မြတ်သော ပန်းတိုင်ဖြစ်သည်။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းသည် မျိုးဆက်တစ်ခုမှ မျိုးဆက်သစ်တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက် ဆက်တိုက် အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းဖြစ်သည်။ အတိတ်၊ ပစ္စပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်ရာ ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

အေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် နိုင်ငံတော်က အခြေခံစွမ်းအားများ ခိုင်မာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်စေရန် ကားလမ်း၊ ရထားလမ်းသစ်များစွာကို တိုးချဲ့ဖောက်လုပ်ပေးသကဲ့သို့ ပေ ၁၈၀ နှင့် အထက် တံတားကြီး ၁၂၆ စင်း အပါအဝင် တံတားငယ်များစွာကို တည်ဆောက်ပေးခဲ့သည်။

ထို့အပြင် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်၊ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး စသည့် ကဏ္ဍများ၌ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ကဏ္ဍအလိုက် အောင်မြင်တိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

အလားတူ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့၌ လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ အမျိုးသားပညာရည်မြင့်မားရေးနှင့် ပြည်သူများ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးတို့အတွက် အကျိုးရလဒ်များ ရရှိနေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာစေရန် ဦးဆောင်စည်းရုံးသွားနိုင်ရေးအတွက် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည်။ အမျိုးသားရေး အင်အားစုအဖြစ် ရပ်တည်ပြီး ၁၃ နှစ်တာ ကာလအတွင်း အသင်းဝင်များက နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားကို ကျရာကဏ္ဍမှ ပါဝင်ထမ်းရွက်ခဲ့သည်။

ယနေ့ကာလတွင် အမျိုးသားညီလာခံကြီး ကျင်းပ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်လျက်ရှိသည်။ သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်နှင့်အသင်းဝင်အားလုံးက ပြည်သူတစ်ရပ်လုံးနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါသည်။ ။

**အိန္ဒိယနိုင်ငံ မဏ္ဍိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မိဘများဖြစ်သော ဦးကြင်ကုတ်-ဒေါ်ဖွား ကြည်၊ ခင်ပွန်း ဦးမြင့်ဝေတို့အား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၃လမ်းနေ ဒေါ်အင်စိန်နှင့်သား၊ သမီး၊ မြေးတစ်စု မိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုနှရ (လုမ္ဓိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နယ်စပ်စည်ပင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဗီယက်နမ် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ha Hung သည် နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ha Hung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီတွင် နေပြည်တော်ရှိ ကုမုဒြာ ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ha Hung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပေးအပ်

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မျက်နှာမေးရိုးခံတွင်း အသားအစားထိုး ခွဲစိတ်ကုသဌာနတွင် ဆေးကုသမှုခံယူလျက်ရှိသော မအေးအေးအောင်အား ထောက်ပံ့ကြေး ငွေကျပ်တစ်သိန်းနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။**(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ ဆေးကုသခံယူသူအား တွေ့ဆုံအားပေးပြီး ငွေနှင့် ပစ္စည်းလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့မှ ဦးဆောင်၍ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးငယ်ရွယ်အဖွဲ့ ခွဲခေါင်းဆောင်ဒေါ်ပိုပိုကြည်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးအဖွဲ့ခွဲတို့မှ အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့တို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာမေးရိုးခံတွင်း အသားအစားထိုး ခွဲစိတ်ကုသဌာနတွင် ဆေးကုသမှုခံယူလျက်ရှိသော မအေးအေးအောင်၊ အသက် (၂၀)နှစ်၊ (ဘ)ဦးရန်ရှင်း၊ ကန်ကြီးရပ်၊ မြိတ်မြို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးကုသရန် ထောက်ပံ့ကြေး ငွေကျပ်တစ်သိန်းနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝါဥူး ပရိယတ္တိ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၉

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဝါဥူး ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုနန္ဒနှင့် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဥာဏုတ္တရ အနန္တဂုဏ်အင် ကျေးဇူးရှင်တို့အား ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၃၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ရက် (အမျိုးသားနေ့) မွန်းလွဲ ၁ နာရီတွင် ဝါဥူးပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

# အမျိုးသားရေးအသင်းကြီး၏ အမျိုးသားရေးအားဟန်

**မောင်မီဒီယာ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်လိုသူများ၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များကို မဏ္ဍိုင်ပြုပြီး မွန်မြတ်မှန်ကန်သော ရည်ရွယ်ချက်၊ အခြေခံမူ၊ ကတိသစ္စာ၊ ကျင့်ဝတ်နှင့် တာဝန်ဝတ္တရားများကို ဦးထိပ်ပန်ဆင်ကာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ၁၃နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေး တာဝန်ကို ထမ်းဆောင်ကြမည့် လူငယ်များကို အမြဲတေ အမာခံထား ဖွဲ့စည်းခဲ့၍ လူငယ်များ စိတ်ဓာတ်မြင့်မားကြံ့ခိုင်ရေးနှင့် စွမ်းရည်သုံးရပ် မြင့်မားရေးတို့ကို လေ့ကျင့်ပျိုးထောင်ရင်း အမျိုးသားရေး ရည်မှန်းချက် ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာတွင် ကိုင်စွဲရမည့်မူဝါဒအဖြစ် ဦးတည်ချက် (၁၂)ရပ်ဖြစ်သော နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေး ဦးတည်ချက် (၄)ရပ်၊ လူမှုရေး ဦးတည်ချက်(၄)ရပ်ကို ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားရေးအသင်းကြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များအတိုင်း ဖြစ်ပေါ်တိုးတက်အောင် လူငယ်များအား စည်းရုံးခြင်း၊ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

အသင်းဝင်လူငယ်မောင်မယ်များအား သင်တန်းများဖြင့် လေ့ကျင့်ပျိုးထောင်ပေးမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)၌ အသင်းနာယကကြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က ဩဝါဒစကားမြွက်ကြားရာတွင် **"ဒို့နိုင်ငံရဲ့ အမျိုးသားရေးရည်မှန်းချက် ဟာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးဖြစ်တယ်။ ဒီရည်မှန်းချက် ပန်းတိုင်ဟာ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့ နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမယ့် တစ်မျိုးသားလုံးနဲ့ အကျုံးဝင်တဲ့ မွန်မြတ်တဲ့ ပန်းတိုင်ပဲဖြစ်တယ်။ ဒီအမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ တစ်မျိုးသားလုံး ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်း ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်တယ်။**

**ဒီလို မွန်မြတ်အရေးပါတဲ့ နိုင်ငံတော်သစ် တည်ထောင်ရေး လုပ်ငန်းစဉ်ကြီးမှာ ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာအောင် ဦးဆောင်စည်းရုံးသွားဖို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမျိုးသားရေးအင်အားစုအဖြစ် ဖွဲ့စည်းထူထောင်ခဲ့တာဖြစ်တယ်။**

**အသင်းကြီးဟာ ကျယ်ပြန့်တဲ့ အမျိုးသားရေးအင်အားစုအဖြစ် ပြည်သူများနှင့်အတူ တစ်သားတည်း ရှိနေကြရမယ်။ အသင်းဖွဲ့စည်းခဲ့တဲ့ ပြီးခဲ့တဲ့၁၂နှစ်တာ ကာလအတွင်းမှာ အသင်းကြီးဟာ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် ယှဉ်ပြီး စည်းရုံးရေး အတွေ့အကြုံများရော၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများပါ ရရှိခဲ့ပြီးဖြစ်တယ်။**

**ဒါကြောင့်လဲ အသင်းကြီးဟာ ရင့်ကျက်မှု၊ ခိုင်မာမှုရှိနေပြီဖြစ်သလို အသင်းဝင်တွေဟာလည်း အရေအတွက်အရရော အရည်အသွေးအရပါ မြင့်မားတိုးတက်လာလျက်ရှိတယ်။**

**အသင်းကြီးစတင်ဖွဲ့စည်းချိန်ကစပြီး အသင်းအဆင့်ဆင့် ဖွဲ့စည်းရေး၊ စည်းရုံးရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း တစ်ဖက်ကလဲ အသင်းဝင်လူငယ်များရဲ့ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့တယ်၊ ဒါကြောင့် ယနေ့ဆိုလျှင် အသင်းဝင်ဦးရေ ၂၂သန်း ရှစ်သိန်းကျော်အထိ အင်အားတောင့်တင်းလာပြီဖြစ်တယ်။**

**အသင်းကြီးအနေနဲ့ ၁၂နှစ်တာကာလအတွင်း မြန်မာ့ရေးရာနဲ့ အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း၊ အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေးသင်တန်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း အပါအဝင် သင်တန်းပေါင်းများစွာ ဖွင့်လှစ်ခဲ့ပြီး ဖြစ်တယ်၊ ဒီသင်တန်းများအနက် ဗဟိုအဆင့် သင်တန်းများမှာ အသင်းဝင် နှစ်သောင်းကျော်၊ ပြည်နယ်နှင့် တိုင်းအဆင့် သင်တန်းများမှာ အသင်းဝင် ၁၀သန်းနီးပါး လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့တာကို တွေ့ရတယ်။**

**ဒီသင်တန်းများကြောင့် ပြည်ထောင်စုကြီးရဲ့ တန်ဖိုး၊ ချစ်ကြည်စည်းလုံးညီညွတ်ခြင်းနဲ့ ငြိမ်း ချမ်းခြင်းရဲ့ တန်ဖိုး၊ အချုပ်အခြာအာဏာရဲ့ တန်ဖိုးတွေကို သဘောပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို ပိုမိုမြတ်နိုး တန်ဖိုးထားတတ်လာမှာ ဖြစ်တယ်"** ဟု ထည့်သွင်းလမ်းညွှန် မြွက်ကြားခဲ့သည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး အစဉ်တည်တံ့ခိုင်မြဲနေရန်၊ တစ်နည်းအားဖြင့် ကမ္ဘာအလယ်တွင် အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ထာဝရ ကြံ့ခိုင်စွာ တည်တံ့ခိုင်မြဲနေရန်အတွက် ခိုင်မာတောင့်တင်းသော အမျိုးသားရေး အင်အားစုကြီးတစ်ရပ် တည်ရှိနေရန်လိုအပ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး ဖွဲ့စည်းဖြစ်ပေါ်လာခြင်းမှာ တိုင်းပြည်နှင့်လူမျိုးအတွက် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးလိုအပ်ချက်ကို ဖြည့်စွက်လိုက်ခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေး တာဝန်ထမ်းဆောင်ကြသူများနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ အခုဆိုလျှင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အသင်းကြီးစုစည်းညီညွတ်သည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။ အသင်းဝင်များကိုလည်း အရေအတွက်သာမက အရည်အချင်းပါ ပြည့်ဝအောင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေး ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ထက်မြက်စေရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပြီး လေ့ကျင့်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွက်အခြေခံလိုအပ်ချက် သုံးရပ်ဖြစ်သည့် (၁)နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ (၂)နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ (၃) အမျိုးသားပညာရည် မြင့်မားရေးအတွက် အသင်းကြီးက ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် တိုင်းရင်းသားမျိုးဆက်သစ်တို့၏ ပေါင်းဆုံရာ နေရာဖြစ်သည့်အပြင် ပြည်ထောင်စုတိုင်းရင်းသားမျိုးဆက်သစ် အညွှန့်အဖူးများကို ပြုစုပျိုးထောင်ပေးသော ပန်းဥယျာဉ်ကြီးသဖွယ်လည်းဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသား လူမျိုးပေါင်းစုံကို ချစ်ကြည်လေးစားစွာ စည်းရုံးလက်တွဲ၍ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမည့် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားသော အသင်းကြီးလည်းဖြစ်သည်။ အမျိုးသားရေးစွမ်းရည် အရည်အသွေးပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာကာ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အတွက် ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## သွေးဆေးကန် အရှင်နန္ဒာစရိယ တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇမြတ်စရိယ၊ ဂဏဝါစက ဓမ္မာစရိယသည် နိုဝင်ဘာ ၁၆ရက်မှ ၂၂ရက်အထိ သိမ်ကုန်းကျောင်း၊ (၁၂) ရပ်ကွက် ဖျာပုံမြို့၊ ဒီဇင်ဘာ ၂၁ရက်မှ ၂၇ရက်အထိ အဖွဲ့ခွဲအမှတ်(၂၀၆)ဂွမြို့၊ ရခိုင်ပြည်နယ်၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၃ရက်အထိ ဂွေ့တန်းရှည်ရွာ၊ ထန်းတပင်မြို့၊ ဇန်နဝါရီ ၂၆ရက် မှ ဖေဖော်ဝါရီ ၂ရက်အထိ မွေတော်ကျေးရွာ၊ မြောင်းမြမြို့၊ ဖေဖော်ဝါရီ ၆ရက်မှ ၁၂ရက်အထိ ရေကျော်ကျေးရွာ ဟိုင်းကြီးကျွန်း၊ ဖေဖော်ဝါရီ၂၁ရက်မှ ၂၇ရက်အထိ မြကိုင်းကျေးရွာ ကျောက်တန်းမြို့တို့၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာ လေးပါး တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတော်ကြီးဖြစ်မြောက် ရေးကော်မတီ (၃၂-၃၄)၊ ဘုန်းကြီး လမ်း လမ်းမတော်မြို့နယ်သို့ ဦးညွှန့် တင်အား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်း မှဒေါ်အေးမိသားစုက ကျပ်၁၀၀၀၀၀ လူဒါန်းရာဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိက ဓဇ ဦးကျော်ခင်မြင့် လက်ခံရယူစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးပိုင်းစကား
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လျှို့ဝှက်ချက်" (အပိုင်း-၃၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၈။ စိုက်ပျိုးသုတ
  - ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း-၁၉)**
  - ၂၁။ သင့်အတွက်မနက်ဖြန်
  - ၂၂။ အပိတ်နှုတ်ဆက်စကား
  - ၂၃။ ပြီးပါပြီ။



ဒုတိယကမ္ဘာစစ်အတွင်းက ပျက်ကျခဲ့သော ဂျာမန်လေယာဉ်တစ်စင်းကို နော်ဝေနိုင်ငံအနောက်ပိုင်း ဆိုတရာကျွန်း ကမ်းလွန်တွင် ဆယ်ယူနေသည်ကို နိုဝင်ဘာ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တိုင်ဗုန်းမုန်တိုင်း ကြိုတင်ခန့်မှန်းရေးဌာန ထောင်ကိုရီးယား၌ တည်ထောင်မည်

ဆိုးလ် နိုဝင်ဘာ ၈

တောင်ကိုရီးယားနိုင်ငံသည် အပူပိုင်းဒေသမုန်တိုင်းများ၏ လမ်းကြောင်းကိုကြိုတင်ခန့်မှန်းရာတွင် စွမ်းဆောင်ရည်မြင့်တင်နိုင်ရေးအတွက် နိုင်ငံတောင်ပိုင်း ဂျိုဂျူးကျွန်း၌ အမျိုးသားတိုင်ဗုန်းမုန်တိုင်းဌာနတစ်ခု တည်ထောင်မည်ဖြစ်ကြောင်း ကိုရီးယားမိုးလေဝသဌာန(ကောအမ်အေ)က တနင်္ဂနွေနေ့တွင် ကြေညာသည်။

အဆိုပါဌာနသည် ဂျိုဂျူးကျွန်း၏ တောင်ဘက်ခြမ်း ဆီအိုဂွေပို့ဖြို့၌ တည်ရှိမည်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ၌ တိုင်ဗုန်းမုန်တိုင်းများလှုပ်ရှားမှုကို ခြေရာခံရန်နှင့်စီစစ်ရန် အဆင့်မြင့်နည်းစနစ်များ တပ်ဆင်ထားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဌာနကို ၂၀၀၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည့်အခါ တိုင်ဖုန်းမုန်တိုင်းများ၏ ရွေ့လျားရာ လမ်းကြောင်းကို ကြိုတင်ခန့်မှန်းရာတွင် တောင်ကိုရီးယားနိုင်ငံသည် ၇၂နာရီမှ နာရီ ၁၀အထိ ကြိုတင်ခန့်မှန်းပေးနိုင်စွမ်း ရှိလာမည်ဖြစ်ကြောင်း ကောအမ်အေက ကြေညာသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ဂျပန်တပ်ဖွဲ့ ပိုင်ရဟတ်ယာဉ် အရေးပေါ် ဆင်းသက်စဉ် ပျက်စီး

တိုကျို နိုဝင်ဘာ ၈

ဂျပန်နိုင်ငံ တိုကျိုအရှေ့ပိုင်းရှိ ချိဘာပြည်နယ် တောတွင်းတစ်နေရာ၌ အရေးပေါ် ဆင်းသက်ခဲ့ရသော ဂျပန်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့မှ ရဟတ်ယာဉ် တစ်စင်းသည် ဆင်းသက်ပြီးနောက် တိမ်းမှောက်ပျက်စီးသွားခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက နိုဝင်ဘာ ၇ ရက်တွင် ဖော်ပြသည်။

ပျက်ကျ

ယင်းဖြစ်ရပ်မှာ တနလ်ာနေ့ ညနေ ၄ နာရီခွဲတွင် ဖြစ်ပွားခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားရာ နေရာအနီး၌ လူနေထိုင်ခြင်းမရှိသဖြင့် တစ်စုံတစ်ရာ ထိခိုက်ခြင်း မရှိသော်လည်း လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့မှာ ဒဏ်ရာအနည်းငယ်စီ ရရှိသွားကြကြောင်း ယိုမိယူရီသတင်းစာက ရေးသားသည်။ ပျက်ကျသွားသော ရဟတ်ယာဉ်သည် အေအိတ်ချ်-၁ အက်စ် တင့်ကားတိုက်ဖျက်ရေးယာဉ်ဖြစ်ပြီး ညနေ ၃ နာရီခန့်တွင် ချိဘာပြည်နယ် ကိဆာရာဇူတပ်စခန်းမှ ပျံတက်လာခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အိန္ဒိယနှင့် တရုတ် ကုန်သွယ်ရေးဇုန် ထူထောင်ရန် စဉ်းစား

ပေကျင်း နိုဝင်ဘာ ၈

အိန္ဒိယနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်နယ်မြေ (အက်ဖ်တီအေ) တည်ထောင်ရန် ဖြစ်နိုင်ဖွယ် အခြေအနေကို တရုတ်နိုင်ငံက စဉ်းစားလျက်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယ-တရုတ် နယ်စပ်ကုန်သွယ်ရေးကို ပြန်လည်ဖွင့်လှစ်ပြီးနောက် အိန္ဒိယနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်နယ်မြေ ထူထောင်ရေးကိစ္စကို ဆွေးနွေးမှုများ ပြုလုပ်ရန် တရုတ်နိုင်ငံက စဉ်းစားလျက် ရှိကြောင်း တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ရက်သတ္တပတ်ကုန်က ကျင်းပသော ၂၀၀၇ ခုနှစ် တရုတ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဖိုရမ်တွင် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဝန်ကြီး ဖူကျင့်ယင်က ပြောကြားသည်။

ကမ္ဘာစီးပွားရေး ပေါင်းစည်းယှက်နွယ်မှုတွင်မိမိတို့နိုင်ငံများ ပါဝင်လှုပ်ရှားရန်လိုအပ်ကြောင်း၊ ကုန်သွယ်ရေးတွင် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ဈေးကွက် ဖွင့်ပေးရမည်ဖြစ်ကြောင်းငင်းက ပြောကြားသည်။

မျက်မှောက်တွင် စင်ကာပူ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်တို့နှင့် တရုတ်နိုင်ငံသည်လွတ်လပ်စွာ ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။ အလားတူ လွတ်လပ်စွာ ကုန်သွယ်ရေးဆွေးနွေးပွဲကိုအရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့်လည်း ကျင်းပလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# လျှို့ဝှက်အကျဉ်းစခန်းများဖွင့်သည့်ကိစ္စ ပိုလန်၌ဥဇရောပကော်မရှင်စုံစမ်းမည်

ဝါဆော နိုဝင်ဘာ ၈

ပိုလန်နိုင်ငံတွင် အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)၏ လျှို့ဝှက်အကျဉ်းစခန်း ဖွင့်လှစ်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ စုံစမ်းလေ့လာရန် ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် ဝါဆောသို့ အင်္ဂါနေ့က ရောက်ရှိလာကြောင်း ပိုလန်သတင်းအေဂျင်စီက ဖော်ပြသည်။

ယခု ခရီးစဉ်အတွင်း ဥရောပရှိ စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများနှင့် ဆက်စပ်မှုရှိသူများဟု ယူဆရသူများကို ဥရောပကော်မရှင် အထူးစုံစမ်းရေးအဖွဲ့က တွေ့ဆုံမေးမြန်းမှုများ ပြုမည်ဟုမျှော်လင့်ရသည်။

ထိုကော်မရှင်အနေဖြင့် ပိုလန်နိုင်ငံသားများကို ဆင့်ဆိုခေါ်ယူနိုင်ခွင့် မရှိကြောင်း ပိုလန်ဝန်ကြီးချုပ် ဂျာရိုမလောကာနိုင်းစကီးက ကြိုတင်သတိပေးထားသည်။

ပိုလန်နိုင်ငံတွင် စီအိုင်အေ၏ လျှို့ဝှက်အကျဉ်းစခန်းများ ထားရှိခဲ့ခြင်း မရှိကြောင်း ပိုလန်အာဏာပိုင်များက ငြင်းဆိုထားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

ဂျပန်နိုင်ငံ ဆာရိုးမားဖြို့တွင် တောနေဒိုးမုန်တိုင်း တိုက်ခတ်သွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံ အချို့ကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ချူကလီးယားဓာတ်အားရုံရှေ့ရေး အာရုပ်နိုင်ငံများ မျှော်မှန်း

ဒုဘိုင်း နိုဝင်ဘာ ၈

ဓွမ်းအင်အရင်းအမြစ်များ တိုးချဲ့နိုင်ရန်အတွက် ရှူကလီးယားဓွမ်းအင်အစီအစဉ်များကို အာရပ်ခြောက်နိုင်ငံထက်မနည်း လုပ်ဆောင်လျက်ရှိကြောင်း နိုဝင်ဘာ ၄ ရက်ထုတ် အရှေ့အလယ်ပိုင်း စီးပွားရေးဓဂုဇင်းတစ်စောင်က ဖော်ပြသည်။

ရေနံမှရရှိချက်လုပ်နိုင်ရေးအတွက် အခြေခံလိုအပ်သည့်ဓာတ်အား ရရှိနိုင်ရန် ရှူကလီးယားဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက်ဆော်ဒီအာရေဗျ၊ အီဂျစ်၊ မော်ရိုကိုနှင့် အယ်ဂျီးရီးယားနိုင်ငံတို့က စိတ်ဝင်စားကြောင်း ဗီယင်နာအခြေစိုက် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) ဒုတိယညွှန်ကြားရေးမှူးချုပ်ဂိုမိဟီရိ၏ ပြောကြားချက်ကို ကိုးကားခဲ့အရှေ့အလယ်ပိုင်းစီးပွားရေးရာစာစောင်တွင်ဖော်ပြထားသည်။ အဆိုပါနိုင်ငံများမှအစိုးရအဖွဲ့ဝင်များနှင့် မိမိတို့ကနဦး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း၊ ရှူကလီးယား ဓာတ်အားပေးစက်ရုံများအတွက် လေ့လာမှုပြုလုပ်နိုင်ရန် နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် ရှူကလီးယားစွမ်းအင် သုတေသနလုပ်ငန်းများကိုပြုလုပ်သွားရန်ယင်းနိုင်ငံများ စိတ်ဝင်စားကြောင်း ၎င်းက ပြောကြားသည်။

ရှူကလီးယားဓာတ်အားဖော်ထုတ်ရန် အာရပ်ဓော်ဘွားများ ပြည်ထောင်စုနှင့်တူနီးရှားနိုင်ငံတို့က စိတ်ဝင်စားလျက် ရှိသော်လည်း ယင်းနိုင်ငံများ၏ အစီအစဉ်များမှာ ကနဦး စီမံချက်အဆင့်မျှသာ ရှိသေးကြောင်း အဆိုပါ မဂ္ဂဇင်းတွင် ရေးသားဖော်ပြထားသည်။

**အမ်အင်အေ၊ရိုက်တာ။**

# ဘင်္ဂဒက်တွင်စိန်ပြောင်းကျည်များကျရောက်

ဘင်္ဂဒက် နိုဝင်ဘာ ၈

အီရတ်နိုင်ငံ ဘင်္ဂဒက်မြို့မြောက်ပိုင်းတွင် နိုဝင်ဘာ ၄ရက်ညက စိန်ပြောင်းကျည်များ ကျရောက်ရာ လူငါးဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဇာမီယက်ရပ်ကွက်ရှိ အဆောက်အအုံတစ်လုံးအနီးတွင် ည ၈နာရီက စိန်ပြောင်းကျည်ငါးတောင့်ကျရောက်ရာ အမျိုးသမီးလေးဦး အပါအဝင် လူငါးဦး သေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲအရာရှိက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ပြန်ပေးဆွဲခံရသည့်ဆရာဝန်ပြန်လည်လွတ်မြောက်

အေသင် နိုဝင်ဘာ ၈

အီရတ်နိုင်ငံ ဘင်္ဂဒက်မြို့ ဟိုတယ်တစ်ခု၏ အပြင်ဘက်တွင် ပြန်ပေးဆွဲခံခဲ့ရသည့် ဂရိနိုင်ငံသား ဆရာဝန်တစ်ဦးသည် တနင်္ဂနွေနေ့တွင် ဂရိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဆရာဝန်မှာ အလီနီဆိုတီရိယုဖြစ်ပြီး ဖြူစင်မေတ္တာ ဆရာဝန်များအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ ပြန်ပေးဆွဲသူများက ၎င်းအား ငါးရက်ကြာ ချုပ်နှောင် ထားပြီးနောက် သောကြာနေ့တွင် လွတ်ပေးလိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

ဖြိတိန်နိုင်ငံအလယ်ပိုင်းရှိ အနက်ဆုံး ကျောက်ဝူတစ်ခုအတွင်းသို့ စူးစမ်းလေ့လာသူများ နိုဝင်ဘာ ၇ရက်က ဆင်းသက်နေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ စုဖွဲ့မှုများအလိုက် အကြိုနှီးနှောဖလှယ်ပွဲများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

**ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ စုဖွဲ့မှုများအလိုက် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ၊ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ၊ စီးပွားရေးရာကဏ္ဍ၊ ဒို့တာဝန် အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ၊ စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ၊ ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတို့အတွက် ကဏ္ဍအလိုက် အကြိုနှီးနှောဖလှယ်ပွဲများကို နိုဝင်ဘာ ၄ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နယ်မြေ ရေဆင်းရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ကျင်းပသည်။**

ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၁) စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍအကြို နှီးနှောဖလှယ်ပွဲကို နံနက် ၁၀နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိဘာသာဗေဒ (Language Lab) အဆောင်၌ကျင်းပရာသဘာပတိ အဖြစ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် အတွင်းရေးမှူး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးသိန်းအောင်နှင့်ဦးခင်မောင်မြင့်တို့က ဆောင်ရွက်ကြပြီးအခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း

**ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၁) စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း အမှာ စကားပြောကြားစဉ်။** (သတင်းစဉ်)

ခွင့်ပြုချက်အရ အကြိုနှီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲတွင် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျလော၊ ဧရာဝတီတိုင်း ဇလွန်မြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှခိုင်၊ ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်ထောင်စု ကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရယ်ဒမ်ဝမ်ယောဆက်၊ ကယားပြည်နယ် ဘော်လခဲခရိုင် ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်နိုင်၊ မကွေးတိုင်း၊ မကွေးခရိုင် ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်ဝင်း၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းသီ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာ တိုးတိုးအောင်၊ ရခိုင်ပြည်နယ် ရသေ့တောင် မြို့နယ် ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်း၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းကျော်ရင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝေလင်းတို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက်သဘာပတိ ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အကြိုနှီးနှောဖလှယ်ပွဲကို ရပ်နားလိုက်သည်။

ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၂) ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲကို နံနက် ၉နာရီခွဲတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ မြန်မာစာနှင့် သချိုဘဋ္ဌာနအဆောင်၌ ကျင်းပသည်။

အဆိုပါ အကြိုနှီးနှောဖလှယ်ပွဲတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိမွန်စိုးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် ရေးမြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နုနမွန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

**ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၂) စီးပွားရေးရာကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၂)တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ်ပေါင်း ၇၉ဦးရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် အကြိုနှီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုနှီးနှောဖလှယ်ပွဲစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက်သဘာပတိပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သဘာပတိအဖွဲ့ဝင် ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက အစု

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐



**ပြည်ထောင်စု ကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၃) စီးပွားရေးရာကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်သောင်းအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကေခိုင်စိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နန်းဇင်မာလင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၁)တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ် စုစုပေါင်း ၈၀ရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် အကြိုနှီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏

❐ စာမျက်နှာ ၅ မှ

အဖွဲ့အမှတ်(၂)၏ အကြိုနှိုးနော ဖလှယ်ပွဲတွင် ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ ကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မန်စီဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းပပ၊ ကယားပြည်နယ် ဒီမောဆိုဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောတာဇော၊ ကရင်ပြည်နယ် သံတောင်ဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောရောဘတ်ထူး၊ ချင်းပြည်နယ် ထန်တလန်ဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇာတလိန်း၊ စစ်ကိုင်းတိုင်း ဘုတလင်ဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းလွင်နှင့် တနင်္သာရီတိုင်း ရေဖြူဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေသန်းတို့က ဆွေးနွေးတင်ပြကြပြီး အကြိုနှိုးနေဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

**ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၄)ရှိတာဝန်အရေး(၃)ပါး ကို အသက်ပေး ကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ အကြိုနှိုးနေဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၅) စစ်မှန်သောပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ အကြိုနှိုးနေဖလှယ်ပွဲတွင် သဘာပတိပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် အကြိုနှိုးနေဖလှယ်ပွဲကို မွန်းလွဲ၁နာရီခွဲတွင် ပြန်လည်ကျင်းပရာ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ပဲခူးတိုင်း(အနောက်) ရွှေတောင်ဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးထွန်းထွန်းဦး၊ ပဲခူးတိုင်း(အရှေ့) တောင်ငူဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်မောင်၊ မန္တလေးတိုင်း ငါန်းဖွန်ဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်မောင်၊ မန္တလေးတိုင်း ဂန့်ဂေါဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်မောင်၊ ရခိုင်ပြည်နယ် မောင်တောခရိုင် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြစောမွန်၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သက်မာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရှေ့အလုပ်အမှုဆောင် ဒေါ်နန်းရွှေကြည်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိန်ဝင်းလွင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်းတို့က ဆောင်ရွက်ကြသည်။

ရေးဦးစွာအခမ်းအနားများက အစုအဖွဲ့ အမှတ်(၃) တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်ပေါင်း ၇၈ ဦးရှိသည့်အနက် ကိုယ်စားလှယ်အားလုံးတက်ရောက်သည့်အတွက် အကြိုနှိုးနေဖလှယ်ပွဲအထမြောက်ကြောင်းနှင့် သဘာပတိ၏ နွှင့်ပြုချက်အရ အကြိုနှိုးနေဖလှယ်ပွဲကိုစတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက်သဘာပတိပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက အကြိုနှိုးနေဖလှယ်ပွဲနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ သဘာပတိ အဖွဲ့ဝင် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကဏ္ဍအလိုက် နိုးနောဖလှယ်ပွဲတွင် စီးပွားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဌေ၊ ဧရာဝတီတိုင်း ဖျာပုံခရိုင် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးမောင်မောင်သိမ်းနှင့် ဦးတင်နိုင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားများအဖြစ် ကယားပြည်နယ် ဖားဆောင်းဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရီရီထွေးနှင့် တွဲဖက်အခမ်းအနားများအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဇွေဇော်ဖေ၊ ချင်းပြည်နယ် ပလက်ဝဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းဝေ၊ စစ်ကိုင်းတိုင်း ကျွန်းလှဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်သန်း၊ တနင်္သာရီတိုင်း သရက်ချောင်းဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဆန်းလွင်၊ ပဲခူးတိုင်း(အနောက်) ပန်းတောင်းဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဇော်၊ ပဲခူးတိုင်း(အရှေ့) တောင်ငူခရိုင် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၄) ဒို့တာဝန်အရေး(၃)ပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ အကြိုနှိုးနေဖလှယ်ပွဲကို နံနက်၁၀နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိစာသင်ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဇော်၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုး၊ ပဲခူးတိုင်း(အရှေ့) ဒေါ်ဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲထွန်းတင်၊ မကွေးတိုင်း တောင်တွင်းကြီးဖြို့နယ် ပြည်ထောင်စု ကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်သိန်း၊ မန္တလေးတိုင်း ချမ်းမြသာစည်ဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်း၊ မွန်ပြည်နယ် ကျိုက်ထိုဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ ရခိုင်ပြည်နယ် မြောက်ဦးဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမောင်လှဝေ၊ ရန်ကုန်တိုင်း ကော့မှူးဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်သန္တာရှိန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးစိုးမင်းလတ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းခိုင်အေးချမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံဖြို့နယ် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းကောင်မမ်းနှင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဥာဏ်လင်းတို့က ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်၊ ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် သူရဦးအေးဖြင့်၊ ဦးသိန်းဆွေနှင့် ဒေါ်ကံတာချမ်းငြိမ်းတို့က ဖြည့်စွက် ရှင်းလင်းပြောကြားကြပြီး သဘာပတိ ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကား ပြောကြားကာ ဒို့တာဝန် အရေး(၃)ပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ အကြိုနှိုးနေဖလှယ်ပွဲကို ရပ်နားလိုက်သည်။

ပြည်ထောင်စုကြိုဆိုခြင်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)အစုအဖွဲ့အမှတ်(၅)၏ စစ်မှန်သော ပြည်ထောင်စု

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ ၆ မှ

မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုင်မာရေး ကဏ္ဍ အကြီးနီးနောဖလှယ်ကို နံနက် ၉နာရီခွဲတွင် မွေးမြုရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ခွဲစိတ်ပညာဌာနဆောင်၌ ကျင်းပသည်။

အဆိုပါ အကြီးနီးနောဖလှယ်ပွဲတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဦးဆောင်မင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးစိုးသာနှင့် ဦးဉာဏ်ထွန်းဆောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းမေသဲစုညိမ်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပန်နန်းဒင်မြို့ ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် ဒေါ်ဥမ္မာမြင့်က လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အစုအဖွဲ့ အမှတ်(၅)တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ်ပေါင်း ၇၉ ဦးတို့ရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် အကြီးနီးနောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြီးနီးနောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

**အဖွင့်အမှာစကား**

ယင်းနောက်သဘာပတိပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင် ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာက အကြီးနီးနောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက်စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်နိုင်မာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးကောင်ဖမ်း၊ ဧရာဝတီတိုင်း မော်လမြိုင် ကျွန်းမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးချစ်သိန်း၊ ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်း၊ ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အယ်နီ၊ ကရင်ပြည်နယ် မြဝတီမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်လွင်၊ ချင်းပြည်နယ် မင်းတပ်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလောထန်လောနှင့် စစ်ကိုင်းတိုင်း ဟူမွလင်းမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဝေဦးက ဆွေးနွေးတင်ပြကြပြီး အကြီးနီးနောဖလှယ်ပွဲကို ခေတ္တ ရပ်နားသည်။

ယင်းနောက် အကြီးနီးနောဖလှယ်ပွဲကို မွန်းလွဲ ၁နာရီခွဲတွင် ပြန်လည်ကျင်းပရာ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်နိုင်မာရေးကဏ္ဍနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဆန်းလွင်၊ ဝဲနူတိုင်း (အရှေ့) ဖျာပုံမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနန်းဦး၊ ဝဲနူတိုင်း(အရှေ့) ကြောင်းလေးပင်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးပိုင်၊ မကွေးတိုင်း အောင်လံမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဇင်အောင်၊ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ဆွေ၊ မွန်ပြည်နယ် ပေါင်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စွာလင်း၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ထွန်းအောင်၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမော်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းငေါင်းဆိုင်ဟိန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့ ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဇော်ဇော်ဝင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖောင်းပြင်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ ကရင်ပြည်နယ် ဘားအံခရိုင် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းမျိုးနိုင်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတေဇာလင်း၊ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ချိုချို၊ တနင်္သာရီတိုင်း ပုလောမြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နေဇာလင်း၊ ပဲခူးတိုင်း (အနောက်) နတ္တလင်းမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လွင်၊ ပဲခူးတိုင်း(အရှေ့)ကျောက်တံခါးမြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကိုကို လတ်၊ မကွေးတိုင်း ပေါက်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမိုးကိုကို၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ညွှန့်၊ မွန်ပြည်နယ် ကျိုက်မရော မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှထွန်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းနိုင်၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျားသီမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးပြည့်ဝန်းဇာနည်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအုန်းငွေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းအုန်းခင်နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဘေဘေထင်ဦး၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်ကျော်စိန်တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆွေထွေအတွင်းရေးမှူး ဦးဌေးဦးက အဖွင့်အမှာစကား ပြောကြားပြီး အကြီးနီးနောဖလှယ်ပွဲကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

**ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၆) ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍ အကြီးနီးနောဖလှယ်ပွဲ တွင် သဘာပတိ ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာကိုကိုဦး | ညွှန်ကြားရေးမှူးချုပ် အဏုဇီဗေဒဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ခ) ဦးအုန်းသန်း | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| (ဂ) ဦးသိန်းထွန်း | ကျောင်းအုပ်ကြီး ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် သမဝါယမဝန်ကြီးဌာန |



# ကျန်းမာရေးပညာပေးဇာတ်ညွှန်းပြိုင်ပွဲ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်အတိုင်း လူ့လောက၌ မိုတင်းနေထိုင်ကြသော လူသားများအတွက် ကျန်းမာရေးကို ထိခိုက်နိုင်သည့် ဆိုးကျိုးများကို သတိမူနိုင်စေရန်၊ အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့်ဖြစ်သော "သန့်လေးသန့်" ဇာတ်ညွှန်းပြိုင်ပွဲအတွက် ဇာတ်ညွှန်းပြိုင်ပွဲဝင်လိုသူများနှင့် စိတ်ပါဝင်စားသူများ၊ ရုပ်ရှင်စာဆိုများ တက်ရောက် ပါဝင်ဆွေးနွေး မေးမြန်းနိုင်သည့် "သန့်လေးသန့်" စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီမှ မွန်းတည့် ၁နာရီအထိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဤအလုပ်ရုံဆွေးနွေးပွဲ၌ ပြိုင်ပွဲ စည်းကမ်းများနှင့် ပြိုင်ပွဲဝင်ပုံစံကို အခမဲ့ရယူနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

# အထက(၃) မိတ္ထီလာ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

အထက(၃)မိတ္ထီလာ(ယခင် မိတ္ထီလာတပ်မတော်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို နိုဝင်ဘာ(၁၄)ရက် (အမျိုးသားနေ့)နှင့်ကံ စနှာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဗိုလ်မှူးကြီးကျော်ညွှန့် ဖုန်း–၀၉–၈၀–၃၁၀၁၄၊ ဦးဇော်နေထင်း ဖုန်း–၂၁၂၃၆၆၊ ဦးမြင့်အောင် ဖုန်း–၃၇၆၃၁၉၃၄နှင့် ဦးသောင်းဟန် ဖုန်း–၅၆၀၅၇၅ တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ၂၅ မိနစ်အမြန်ရွေ့ စစ်တုရင်ပြိုင်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမူးကျင်းပသည့် ၂၅မိနစ်အမြန်ရွေ့ တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်မှ ၂၉ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)တွင် ကျင်းပမည် ဖြစ်သည်။

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ နိုဝင်ဘာ ၂ရက် နောက်ဆုံးထားရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း) ၌ စာရင်းပေးသွင်းရမည် ဖြစ်သည်။ (ကြေးမုံ)

**နိုဝင်ဘာ ၉ရက်က သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် WYZ– ကုမ္ပဏီလိမ်တက်မှ ဒေါက်တာရီရီလု(စာရေးဆရာမ ကြီး ယုဝတီခင်ဦး)က အလှူငွေကျပ် ၅သိန်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝေတ္တဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်) ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဓာတ်ပုံ–စာပေနှင့်စာနယ်ဇင်း)

# ယနေ့ နိုင်ငံတော်သည် ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းရေး ပြောင်းလဲပြင်ဆင်မှုများလုပ်နေချိန်တွင် အသင်းဝင်များကလည်း မိမိတို့အသင်းကြီး ကြီးပွားတိုးတက်ရေး မိမိတို့ကိုယ်ကို အမြဲလေ့ကျင့်ပြုစုပျိုးထောင်

* ရွှေဖုံးမှ

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်နှင့်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မကွေး တိုင်း ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဲဝါက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် ဒေါ်နန်းမေသဲဆုညိမ်းက ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မူပိုင်တေးသီချင်းဖြစ်သည့် **“ပြည်မြန်မာ”**သီချင်းနှင့် **“ရာသက်ပန်ပြည်ထောင်စုသီချင်း”**တို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသော နေပြည်တော်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက သံပြိုင်သီဆို၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ (၁၃)နှစ်တာကာလအတွင်း ယခုကဲ့သို့ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများ နှစ်စဉ်ပြုလုပ်ပြီး အသင်းဝင်အချင်းချင်းအကြား အတွေ့အကြုံချင်းဖလှယ်ကြ၊ အပြန်အလှန် တိုင်ပင်ဆွေးနွေးကြ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြ စသည်ဖြင့် အသင်းကြီး၏ တိုးတက်ရာတိုးတက်ကြောင်းများကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ အတော်လည်း အသင်းအတွေ့အကြုံများ၊ သင်ခန်းစာများ ရရှိနေပြီလည်းဖြစ်ပါကြောင်း။

အသင်းကြီး၏ စီမံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လေ့ကျင့်ရေးလုပ်ငန်းများကို တစ်နှစ်ပြီးတစ်နှစ် အသားကျအောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ အသင်းဝင်အင်အားသည် သိသိသာသာ တိုးတက်များပြားလာသည့်အပြင် အသင်းဝင်များသည် အလွှာပေါင်းစုံ၊ နယ်ပယ်စုံ၊ အရွယ်စုံကို ကိုယ်စားပြုပါဝင်လာနေကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ အသင်းဝင်အရေအတွက် များပြားလာခြင်းသည် အသင်း၏ စည်းရုံးရေးအင်အားတောင့်တင်းလာသည်ဟု သုံးသပ်ရယူနိုင်သကဲ့သို့ အသင်းဝင်များ၏ ခံယူချက်နှင့်အရည်အသွေးကို မြှင့်တင်ရဦးမည့် လုပ်ငန်းပမာဏကိုလည်း တစ်ပြိုင်တည်း ပြဆိုလျက်ရှိသည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

အရေအတွက်များပြားလှသည့် အသင်းဝင်များ၏ စိတ်ဓာတ်နှင့် အရည်အချင်း တိုးတက်မြင့်မားလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်မှုသင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း လက်ရှိလုပ်ကိုင်ပေးနေသည့်အတိုင်း ဆက်တိုက်ဆက်လက်လုပ်ပေးသွားရဦးမည်ဖြစ်ကြောင်း။

သင်တန်းများ၊ ဆွေးနွေးပွဲများမှရရှိသည့် အသိအမြင်များ၊ လေ့လာရရှိမှုများနှင့် အတွေ့အကြုံများကိုအခြေခံပြီး လက်တွေ့လုပ်ငန်းနယ်ပယ်များတွင် လှုပ်ရှားစည်းရုံး ဖော်ဆောင်တတ်စေရန်၊ သဘောတရားနှင့် လက်တွေ့ပေါင်းစပ်တတ်စေရန် အသင်း၏ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် သင့်တော်သည့်တာဝန်များကို အသင်းဝင်များအား စနစ်တကျ ဆက်လက်ထမ်းဆောင်ရေးသည် မလွဲမသွေ လိုအပ်ခြင်းဖြစ်ကြောင်း။

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးစိုးသာနှင့် ဦးသိန်းအောင်တို့ ဆောင်ရွက်ကြစဉ်။**
(သတင်းစဉ်)

အသင်းဝင်များကို စုစည်းရာတွင် ယုံကြည်ချက်၊ ခံယူချက် စသည့်သဘောတရားအယူအဆနှင့် အရည်အသွေးများအရသာမက အသင်း၏ လက်တွေ့လုပ်ငန်းများတွင် တာဝန်သိသိ ပါဝင်လှုပ်ရှားခြင်းဆိုသည့် လှုပ်ရှားမှုအပိုင်းနှင့်ပါ စုစည်းထားရန် လိုအပ်ခြင်းဖြစ်ပါကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ လှုပ်ရှားမှုဖြင့် အသင်းကြီး၏လှုပ်ရှားမှုသည် အမြဲဆက်စပ်နေရမည်ဖြစ်ပါကြောင်း၊ ခြုံလိုက်ပါက အသင်းဝင်များကို လေ့ကျင့်ပျိုးထောင်မှုများနှင့်သာမက လက်တွေ့စည်းရုံးရေးဆိုင်ရာ တာဝန်ပေးမှုများနှင့်ပါ ဒွန်တွဲပြီး ရင့်ကျက်သည့် အသင်းဝင်နိုင်ငံသားကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရန် အရေးကြီးကြောင်း။

အသင်း၏ အခြေခံအင်အားသည် အသင်းဝင်များဖြစ်သည့်အတွက် အသင်းဝင်တစ်ဦးချင်း၏တာဝန်ခံမှု၊ ထိုးထွင်းကြံဆမှုနှင့် လှုပ်ရှားမှုအပေါ်တွင် အသင်း၏လုပ်ငန်းစွမ်းဆောင်ရည်သည် တည်မှီလျက်ရှိနေခြင်းဖြစ်ပါကြောင်း။

အသင်း၏ လက်တွေ့စည်းရုံးလှုပ်ရှားမှုများကို ခြုံငုံသုံးသပ်လိုက်မည်ဆိုပါက အသင်း၌ တစ်ဦးချင်းတာဝန်ယူမှုနှင့် စုပေါင်းတာဝန်ယူမှု၊ တစ်ဦးချင်း၏ လွတ်လပ်စွာ တီထွင်ကြံဆမှုနှင့် အဖွဲ့အစည်း၏ ထိန်းကျောင်းမှုအဆင့်ဆင့်သော ခေါင်းဆောင်တစ်ဦးချင်း၏ ဦးဆောင်ဦးရွက်ပြုနိုင်မှုနှင့် အသင်းဝင်များ၏ တလေးတစားညီညွတ်စွာ နာခံလိုက်နာမှု၊ အထက်အဖွဲ့အစည်းများ၏ ကြီးကြပ်ထိန်းကိုင်မှုနှင့် အောက်အဆင့်အဖွဲ့အစည်းများ၏ တာဝန်ခံမှုတို့ကို သဟဇာတကျကျ ပုံဖော်သွားနိုင်ရေးသည် အသင်း၏ အဓိက အသက်သွေးကြောပင်ဖြစ်ကြောင်းကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယင်းတို့သည် အသင်းကြီး ရေရှည်ခိုင်မာစွာ ရပ်တည်ရေးအတွက် သဘာဝကျသည့် အလေ့အထကောင်း၊ ကျင့်စဉ်ကောင်းများဖြစ်သည့်အတွက် အသင်းဝင်အားလုံးက အလေးထား လိုက်နာကျင့်ကြံသွားကြရမည် ဖြစ်ပါကြောင်း။

ယနေ့တိုင်းပြည်တွင် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွား ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးတည်ရည်မှန်းပြီး နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ဖြစ်၍ နိုင်ငံရေးတည်ငြိမ်မှုအခြေအနေကောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ လူမှုရေးအခြေခံကောင်းများ ရာနှုန်းပြည့်နီးပါး တည်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သည် ဤအခြေခံကောင်းများအပေါ်၌ အားယူပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် အစီအစဉ်ကျနသည့် နိုင်ငံရေးလုပ်ငန်းအစီအစဉ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

နိုင်ငံရေးလုပ်ငန်းအစီအစဉ်ဖြစ်သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရင်း နိုင်ငံတော်ကို အဆင့်မှန်မှန်ဖြင့် ညင်သာသိမ်မွေ့စွာ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းသွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သည် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံမှနေပြီး ပြုပြင်ပြောင်းလဲတည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိနေခြင်းဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲ တည်ဆောက်မှုများ၏ အောင်မြင်မှုရလဒ်များကို ကဏ္ဍတိုင်း၊ နယ်မြေဒေသတိုင်းတွင် တွေ့မြင်နေရပြီလည်းဖြစ်ကြောင်း။

ယနေ့ဆိုလျှင် အုပ်ချုပ်မှုကောင်းရေး၊ အုပ်ချုပ်မှု ခိုင်မာသွက်လက်ထက်မြက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏လစာကို သိသိသာသာ တိုးမြှင့်ခွင့်ပြုခဲ့သကဲ့သို့ နိုင်ငံတော်ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ပြီး သိပ်သည်းကျစ်လျစ်အောင် ပြင်ဆင်သင့်သည်ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းသင့်သည့် အဖွဲ့အစည်းကို ဖျက်သိမ်းခြင်းတို့ကို လိုအပ်သကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်ကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက်၊ ထိထိရောက်ရောက် စနစ်တကျ ထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး၊ သန့်ရှင်းစင်ကြယ်သည့် ပြည်သူလေးစားအားကိုးသည့် အစိုးရယန္တရားဖြစ်စေရေးတို့ကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်အတွင်းတွင် လာဘ်ပေးလာဘ်ယူမှုကြောင့် ဝန်ထမ်း ၁၂၄၇ဦးကို တရားဥပဒေနှင့်အညီ အရေးယူခဲ့ခြင်းများလည်း ပြုလုပ်ခဲ့ရပါကြောင်း။

ခေတ်သစ်စနစ်သစ်အတွက် မျှော်မှန်းချက်ကြီးကြီးထားပြီး ယခုကဲ့သို့ အုပ်ချုပ်ရေးအပိုင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည့်အခါတွင် ပြည်သူ့ဝန်ထမ်းများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူကို ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်ကူညီ၊ ပြည်သူများအပိုင်းကလည်း အုပ်ချုပ်ရေး၏ တန်ဖိုးနှင့်အနှစ်သာရကို တွေးမြင်နားလည်ပြီး ပြည်သူ့ဝန်ထမ်းများကို ပြန်လည်စောင့်ရှောက်ကူညီ၊ ထိုကဲ့သို့ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်းအပြန်အလှန်ကူညီစောင့်ရှောက်၊ အပြန်အလှန် ထိန်းကျောင်းခြင်းနှင့်ပင် အုပ်ချုပ်ရေးနှင့် ပြည်သူတစ်သားတည်း ဆက်စပ်သွားသည့် စည်းကမ်းရှိသော၊ စစ်မှန်သော ဒီမိုကရေစီလူနေမှုဘဝမျိုးကို လက်တွေ့ကျကျ ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း။

အသင်းဝင်များသည် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ကျိုးဆောင်လုပ်ငန်းများကို ထိထိရောက်ရောက်၊ ဟန်ချက်ညီညီ၊ စည်းရုံးရေးအင်အားဖြင့် ပူးပေါင်းပါဝင် အထောက်အကူပြုခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ခေတ်စနစ်ပြောင်းလဲတည်ဆောက် အကောင်အထည်ဖော်နေချိန်တွင် အမျိုးသားအင်အားစုများ၏ အင်အားကို အမျိုးသားအလံတော်တစ်ခုတည်းအောက်တွင် စုစည်းပြီး နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် ရှင်းလင်းဆွေးနွေး စည်းရုံးရေးသည် တိုင်းပြည်၏ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေအရ အမှန်လိုအပ်ချက် သမိုင်းရေးလိုအပ်ချက်ဖြစ်ကြောင်း။

ဤသမိုင်းရေးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည်မှာ ယခုဆိုလျှင် ဆယ်စုနှစ်ကျော်ခဲ့ပြီးဖြစ်ကြောင်း၊ အသင်းဝင်များသည် မိမိတို့၏ လွတ်လပ်သည့် ကိုယ်ပိုင်စိတ်ဆန္ဒအလျောက် ပါဝင်ထားသည့် မိမိတို့အသင်း

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုး**
**ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်း**
**အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရော**
**အသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**
**ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီ**

ကြီး၏ အခန်းကဏ္ဍကို မှန်မှန်ကန်ကန် အ
ရမည်ဖြစ်ကြောင်း။
အသင်းကြီး၏ မွန်မြတ်သည့် ရည်ရွယ
ဖွဲ့စည်းတည်ဆောက်မှုအပိုင်းများ၊ နိုင်ငံ
ဖြစ်ပေါ်မှုအခြေအနေ၊ ဆက်စပ်ဖြစ်ပေါ်လ
များကို မှန်မှန်ကန်ကန် ဆက်စပ်ရှုမြင်
သမိုင်းရေးလိုအပ်ချက်ကို ပိုမိုရှင်းလင်း
ဖြစ်ကြောင်း၊ အသင်းကြီး၏ ရှေ့ဆက်ဆေ
ပိုမိုနားလည် သဘောပေါက်ကြမည်ဖြစ်
ယနေ့တိုင်းပြည်၏အနေအထားသည်
အားကိုးအခြေပြုသည့် အမျိုးသားရေးအ
မိမိလူမျိုး၏ သမိုင်းရေးအခြေအနေ၊ ယဉ်
လိုက်လျောညီထွေသည့် ဒီမိုကရေစီအသွ
အစီအစဉ်များကို ချမှတ်ပြီး မိမိနိုင်ငံ၊
ကိုက်ညီသည့် ဒီမိုကရေစီလူနေမှုပုံစံကို ထူ
ဖြစ်ကြောင်း၊ မိမိတို့၏ကံကြမ္မာကို ပြည
ကိုယ်တိုင် ဖန်တီးခွင့်ရရေး ပြင်ပြင်
ဖြစ်ကြောင်း။
ထိုကဲ့သို့အခြေအနေတွင် အသင်းကြ
တစ်ရပ်လုံးကို တူညီသည့်လုပ်ဆောင်မှုနှင့်
မှန်ပေါ်ရောက်ရှိစေရန် စည်းရုံးလှုံ့ဆော်သ
ချက်တူ၊ ခံယူချက်တူ သဘောထားတူ
တိုင်းပြည်အတွက် တူညီသည့်လုပ်ဆောင်မှ
နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ တိုင
စည်းရုံးရေးအား စည်းရုံးရေးထု (Unity of
ဖြစ်ကြောင်း၊ ယင်းတို့မှာအသင်း၏ ကြီး
အသင်းဝင်များသည် အသင်းကြီး
ရပ်တည်နိုင်စွမ်းရှိရမည်ဖြစ်ပါကြောင်း၊
အခြေခံလုပ်ငန်းစဉ်များသည် အသင်းကြီး
နိုင်ငံတော်၏ရည်မှန်းချက်နှင့် လုပ်ငန်းအစီ
ဆက်စပ်လျက်ရှိနေသည်ကို အမြဲသတိထ
ယင်းမူဝါဒများကို မျက်ကွယ်ပြု
ရေရှည်မခိုင်မြဲသည့်အပြင် ဆရာတပည
ငါးပွက်ရာငါးစာချမှုများ ဖြစ်လာတတ်
နားလည်သိရှိပြီးဖြစ်ကြောင်း။
ယနေ့နိုင်ငံတော်သည် ခေတ်သစ်စန
လိုအပ်သည့် ပြုပြင်ပြောင်းလဲပြင်ဆင်မှုမျ
ကလည်း မိမိတို့အသင်းကြီး ကြီးပွားတို
အမြဲတမ်း လေ့ကျင့်ပြုစု ပျိုးထောင်ပြုပြင်နေ
နိုင်ငံတော်က ဦးဆောင်လုပ်ကိုင်နေသည့် ပြ
ထိထိရောက်ရောက် ဝင်ရောက်အထောက်
ဘဝနှင့်ထက်ကြပ်မကွာလိုက်နိုင်သည့် အ
ဖြစ်လာပြီး အသင်းကြီး၏ စည်းရုံးရေး
ဖြစ်ကြောင်း၊ အသင်းဝင်များသည်လည်း
ပျိုးထောင်ပြုပြင်နိုင်မှုလည်း မိမိတို့၏ စိတ
နိုင်စွမ်းရှိပြီး မိမိအသင်းကြီး၏ စည်းရုံ
ဖြစ်ကြောင်း။
ခြုံလိုက်မည်ဆိုပါက နယ်ပယ်အနှံ့တွ
နိုင်ငံတော်အတွက်၊ အသင်းကြီးအတွက် အ

**☆ ယနေ့ဆိုလျှင် အုပ်ချုပ်မှုကောင်းရေး၊ အုပ်ချုပ်မှု ခိုင်မာသွက်လက် ထက်မြက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ လစာကို သိသိသာသာ တိုးမြှင့်ခွင့်ပြုခဲ့သကဲ့သို့ နိုင်ငံတော်ဝန်ထမ်း အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ပြီး သိပ်သည်းကျစ်လျစ်အောင် ပြင်ဆင်သင့် သည်ကိုပြင်ဆင်ခြင်း၊ ဖျက်သိမ်းသင့်သည့် အဖွဲ့အစည်းကို ဖျက်သိမ်းခြင်းတို့ကို လိုအပ်သကဲ့သို့ ပြုလုပ်ခဲ့။**

**☆ ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်အတွင်းတွင် လာဘ်ပေးလာဘ်ယူမှုကြောင့် ဝန်ထမ်း ၁၂၄၇ဦးကို တရားဥပဒေနှင့်အညီ အရေးယူခဲ့ခြင်းများလည်း ပြုလုပ်ခဲ့။**

**☆ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်း အပြန်အလှန်ကူညီစောင့်ရှောက်၊ အပြန်အလှန် ထိန်းကျောင်းခြင်းနှင့်ပင် အုပ်ချုပ်ရေးနှင့် ပြည်သူတစ်သားတည်း ဆက်စပ်သွားသည့် စည်းကမ်းရှိသော၊ စစ်မှန်သောဒီမိုကရေစီလူနေမှုဘဝမျိုးကိုလက်တွေ့ကျကျ ထူထောင်။**

**ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကြီး၏ အခန်းကဏ္ဍကို မှန်မှန်ကန်ကန် အလေးအနက် တန်ဖိုးထားတတ်ကြရမည်ဖြစ်ကြောင်း။

အသင်းကြီး၏ မွန်မြတ်သည့် ရည်ရွယ်ချက်များ၊ သဘောထားအမြင်များ၊ ဖွဲ့စည်းတည်ဆောက်မှုအပိုင်းများ၊ နိုင်ငံတော်၏ သမိုင်းရေးရာ ပြောင်းလဲဖြစ်ပေါ်မှုအခြေအနေ၊ ဆက်စပ်ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံတကာအခြေအနေများကို မှန်မှန်ကန်ကန် ဆက်စပ်ရှုမြင် သုံးသပ်နိုင်မှလည်း အသင်းကြီး၏ သမိုင်းရေးလိုအပ်ချက်ကို ပိုမိုရှင်းလင်းကြည်လင်စွာ နားလည်ခံယူနိုင်မည်ဖြစ်ကြောင်း၊ အသင်းကြီး၏ ရှေ့ဆက်ဆောင်ရွက်ရမည့် တာဝန်များကိုလည်း ပိုမိုနားလည် သဘောပေါက်ကြမည်ဖြစ်ပါကြောင်း။

ယနေ့တိုင်းပြည်၏အနေအထားသည် ကိုယ်ပိုင်အမျိုးသားစွမ်းအားအပေါ် အားကိုးအခြေပြုသည့် အမျိုးသားရေးအင်အားစုများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းရေးအခြေအနေ၊ ယဉ်ကျေးမှုအစဉ်အလာအခြေအနေများနှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကိုယ်ပိုင်လုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးများ၏ အခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီလူနေမှုပုံစံကို ထူထောင်ဖို့ရန် ကြိုးပမ်းနေသည့်အချိန်ဖြစ်ကြောင်း၊ မိမိတို့၏ကံကြမ္မာကို ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်ရရေး ပြင်းပြင်းထန်ထန် ကြိုးပမ်းနေသည့်ကာလဖြစ်ကြောင်း။

ထိုကဲ့သို့အခြေအနေတွင် အသင်းကြီးအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို တူညီသည့်လုပ်ဆောင်မှုနှင့် ခိုင်မြဲသည့် ညီညွတ်မှုလမ်းကြောင်း မှန်ပေါ်ရောက်ရှိစေရန် စည်းရုံးလှုံ့ဆော်သွားနိုင်ရမည်ဖြစ်ကြောင်း၊ ယုံကြည်ချက်တူ၊ ခံယူချက်တူ သဘောထားတူအောင် စည်းရုံးအား ညှိနိုင်မှသာ တိုင်းပြည်အတွက် တူညီသည့်လုပ်ဆောင်မှုနှင့် ခိုင်မြဲသောညီညွတ်မှုကို ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှလည်း တိုင်းပြည်ကို ထူထောင်နိုင်စွမ်းရှိသည့် စည်းရုံးရေးအား စည်းရုံးရေးထု (Unity of Strength) ကို ဖန်တီးထားနိုင်မည်ဖြစ်ကြောင်း၊ ယင်းတို့မှာအသင်း၏ ကြီးလေးသည့်တာဝန်လည်းဖြစ်ကြောင်း။

အသင်းဝင်များသည် အသင်းကြီး၏ မူဝါဒများအပေါ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စွမ်းရှိရမည်ဖြစ်ပါကြောင်း၊ အသင်းကြီး၏ ရည်မှန်းချက်နှင့် အခြေခံလုပ်ငန်းစဉ်များသည် အသင်းကြီး၏ အခြေခံအုတ်မြစ်များဖြစ်သကဲ့သို့ နိုင်ငံတော်၏ရည်မှန်းချက်နှင့် လုပ်ငန်းအစီအစဉ်များနှင့်လည်း တစ်သားတည်း ဆက်စပ်လျက်ရှိနေသည်ကို အမြဲသတိထားရမည်ဖြစ်ကြောင်း။

ယင်းမူဝါဒများကို မျက်ကွယ်ပြုသည့် စည်းရုံးလှုပ်ရှားမှုများသည် ရေရှည်မခိုင်မြဲသည့်အပြင် ဆရာတပည့်မွေးမှုများ၊ မျက်နှာလိုက်မှုများ၊ ငါးပွက်ရာငါးစာချမှုများ ဖြစ်လာတတ်ကြောင်းကို အတွေ့အကြုံများအရ နားလည်သိရှိပြီးဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်သည် ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲပြင်ဆင်မှုများ လုပ်နေချိန်တွင် အသင်းဝင်များကလည်း မိမိတို့အသင်းကြီး ကြီးပွားတိုးတက်ရေးအတွက် မိမိတို့ကိုယ်ကို အမြဲတမ်း လေ့ကျင့်ပြုစု ပျိုးထောင်ပြုပြင်နေကြရမည်ဖြစ်ပါကြောင်း၊ သို့မှလည်း နိုင်ငံတော်က ဦးဆောင်လုပ်ကိုင်နေသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ဝင်ရောက်အထောက်အကူပြုနိုင်အား ရှိမည်ဖြစ်ကြောင်း၊ ဘဝနှင့်ထက်ကြပ်မကွာလိုက်နိုင်သည့် အသင်းဝင် စည်းရုံးရေးမှူးကောင်းများ ဖြစ်လာပြီး အသင်းကြီး၏ စည်းရုံးရေးသိက္ခာသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ အသင်းဝင်များသည်လည်း မိမိကိုယ်ကို တန်ဖိုးထား လေ့ကျင့်ပျိုးထောင်ပြုပြင်နိုင်မှလည်း မိမိတို့၏ စိတ်ဓာတ်အရည်အသွေးကို ထိန်းသိမ်းနိုင်စွမ်းရှိပြီး မိမိအသင်းကြီး၏ စည်းရုံးရေးစွမ်းအားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ခြုလိုက်မည်ဆိုပါက နယ်ပယ်အနှံ့တွင်ရှိနေကြသည့် အသင်းဝင်များသည် နိုင်ငံတော်အတွက်၊ အသင်းကြီးအတွက် အားကိုးအားထားပြုရသည့် အသင်းဝင် နိုင်ငံ့သားကောင်းများဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း၊ စည်းရုံးလှုပ်ရှားရာတွင်လည်း မျှတစွာ ဆက်ဆံတတ်၊ ကူညီတတ်၊ စောင့်ရှောက်တတ်၊ ဦးဆောင်တတ်ရုံသာမက ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်စေဘဲ အသင်းကြီး၏ အန္တိမပန်းတိုင်၏အမိပ္ပာယ်၊ အန္တိမပန်းတိုင်ကို အထောက်အကူပြုသည့် ကာလအလိုက်၊ ဒေသအလိုက် သီးခြားထားရှိသော ရည်မှန်းချက်များ၏ အနေအထား၊ ယင်းတို့ကို ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်စေရန် လေ့လာပြီး ယုံကြည်ချက်ရှိရှိ၊ ခံယူချက်ရှိရှိ စည်းရုံးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားကြစေလိုကြောင်း။

ရှင်သန်သည့် မူဝါဒသဘောတရားအခြေခံရှိမှု၊ အသင်းဖွဲ့စည်းပုံပြည့်စုံမှု၊ ရှေ့နောက်ညီညွတ်သည့် လုပ်ငန်းအစီအစဉ်ရှိမှု၊ အသင်း၏ဗီဇကောင်းမှု၊ ပြည့်စုံသည့် ပံ့ပိုးအထောက်အကူရရှိမှုတို့ကြောင့် အသင်း၏ အနာဂတ်အလား အလာသည် ထွန်းလင်းတောက်ပလျက်ရှိပြီး အသင်းဝင်များ၏ စည်းရုံးရေး ထက်မြက်မှုကောင်းနှင့် ပေါင်းစပ်နိုင်မည်ဆိုပါက အမျိုးသားရေးအင်အားစုကြီး အဖြစ် ခိုင်ခိုင်မာမာ ဝံ့ဝံ့ကြွားကြွား ရပ်တည်လာနိုင်မည်ကို သေချာလျက်ရှိကြောင်း။

အသင်းကြီး၏ အနာဂတ်အလားအလာကို ပိုမိုထွန်းလင်းတောက်ပရေးနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပိုမိုသယ်ပိုးနိုင်ရေးအတွက် အသင်းဝင်များသည် မိမိတို့၏ စည်းရုံးရေးအားကို အမြဲမြှင့်တင်နေရမည်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်ကြီးကို နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အကောင်အထည် ဖော်နေချိန်တွင် အသင်းကြီးကိုယ်တိုင်က နိုင်ငံရေးအရ တက်တက်ကြွကြွ၊ နိုးနိုးကြားကြား လှုပ်ရှားပါဝင်နေရမည်ဖြစ်သကဲ့သို့ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့တို့နှင့်အတူ ဟန်ချက်ညီညီ ရင်းရင်းနှီးနှီး လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အသင်းကြီး၏ ဦးတည်ချက်များနှင့် မူဝါဒများသည် ယင်းလူမှုရေးအသင်းအဖွဲ့များ၏ မွန်မြတ်သောလုပ်ငန်းစဉ်များနှင့် တစ်သားတည်း ဆက်စပ်လျက်ရှိသည့်အတွက် မိမိ၏ သွေးသောက်ညီနောင်အဖွဲ့အစည်းများအဖြစ် အလေးအနက် ခံယူထားရမည်ဖြစ်ကြောင်း။

ယနေ့တွင် ယင်းအဖွဲ့အစည်းများ၏ အင်အားနှင့် လှုပ်ရှားမှုအခြေအနေကို ကြည့်မည်ဆိုပါက အင်မတန်အားရဖွယ်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းဆောင်ပရိဘောဂ ပိုင်းဝန်း ပြုပြင်ထောက်ပံ့ရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆင်နွှဲလျက်ရှိသည့်အပြင် တီဘီရောဂါ၊ ငှက်ဖျား ရောဂါ၊ HIV/AIDS ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည့် ရောဂါကာကွယ်ရေး လုပ်ငန်းများနှင့် မိခင်နှင့်ကလေးသူငယ်များ အာဟာရ ဖွံ့ဖြိုးကျန်းမာရှင်သန်ရေးလုပ်ငန်းစဉ်များတွင် ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းပြီး နယ်မြေဒေသအနှံ့တွင် အင်တိုက်အားတိုက် လှုပ်ရှားလျက်ရှိနေကြကြောင်း။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ခံစားနေသူများ၏ စားသောက်ရေး၊ ကျန်းမာရေးတို့ကို အထောက်အကူ ပြုနိုင်ရေးအတွက် လူမှုရေး အသင်းအဖွဲ့များသည် အကျဉ်းစခန်းများကို သွားရောက်ပြီး လိုအပ်သော လူဒါန်းကူညီမှုများ ပြုလုပ်လျက်ရှိကြပါကြောင်း၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလမှစပြီး တစ်နှစ်တာကာလအတွင်း တန်ဖိုးငွေကျပ် ၆၇၉ သိန်းကျော်ရှိ စားကုန်၊ လူသုံးကုန်နှင့် ဆေးဝါးပစ္စည်းများကို စုပေါင်း ထောက်ပံ့ခဲ့ကြကြောင်းကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသားများ၏ လူအချင်းချင်း ထားရှိအပ်သော စာနာစိတ်၊ သဒ္ဓါစိတ်တို့၏ လှုံ့ဆော်မှု ကုသိုလ်စိတ်စွမ်းအားသည် ပြစ်ဒဏ်ကျခံနေရသူများ၏ ကန့်သတ်နယ်မြေအထိပင် ပျံ့နှံ့လွှမ်းခြုံလျက်ရှိကြောင်း။

ထို့ကြောင့် အသင်းကြီးသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူလူထု ကောင်းစားရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူများကိုယ်တိုင် အသိတရားရှိရှိ ပူးပေါင်းပါဝင်လာပြီး ပိုမိုထိရောက် အောင်မြင်လာရေးအတွက် အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအား၊ ဌာနဆိုင်ရာများ၏ စွမ်းအားတို့ကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စုစည်းရယူ လုပ်ကိုင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းကို ရှင်းလင်းမှာကြားလိုကြောင်း။

နိုဂုံးချုပ်အားဖြင့် မှာကြားလိုသည်မှာ–

- **ခေတ်သစ်စနစ်သစ်ကို မျှော်မှန်းပြီး နိုင်ငံတော်က ဦးစီးဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်စေရန် ကျရာအခန်းကဏ္ဍမှ မဆုတ်မနစ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပါ။**
- **စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကိုယ်ပိုင်လုပ်ငန်း အစီအစဉ်များကို အရှိန်အဟုန်ရှိရှိ စနစ်တကျ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါ။**
- **အသင်းကြီး၏ စည်းရုံးရေးစွမ်းအားကို မြှင့်တင်ကြပါ၊ အရေအတွက်မှ အရည်အချင်းရှိသော အရေအတွက်သို့ ကူးပြောင်းနိုင်စေရန် ကြိုးစားကြပါ။**
- **နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ရှေ့လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း တင်ပြကြပါ**

ဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အကြိုညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီတွင် ပြန်လည် ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းက ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးစိုးသာနှင့် ဦးသိန်းအောင်တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

## နေအသွင် လပမာ

- **ပြန်လည်တွေးစစ်၊ ယနေ့ခေတ်ထိ မျိုးချစ်စိတ်ထား၊ ပြည်တွင်းအားကြောင့် ဝင့်ကြွားတင့်တယ်၊ ကမ္ဘာ့လယ်တွင် ခံ့ထည်နေသည့် မြန်မာပြည်။**
- **စဉ်လာမည့်၊ တိုင်းပြည်ကျိုးတွက် မျိုးဆက်မပြတ်၊ ကြားမလပ်အောင် စိတ်ဓာတ်ခိုင်တည်၊ စုစည်းညီသည့် ပြည်ခိုင်ဖြိုးသင်း ပေါ်ခဲ့ပြီ။**
- **ပြည်နယ်ပြည်မ၊ ငြိမ်းချမ်းကြလျက် မြို့ပြကျေးရွာ၊ ဖွံ့ဖြိုးလာအောင် ပါဝင်ကူညီ၊ စွမ်းဆောင်ရည်ကြောင့် ပြည်သူ့ရင်မှာ၊ ဖြန့်ကြက်ဖြာသည် ပမာနေခြည် နွေးတော့သည်။**
- **ရပ်ရေးရွာရေး၊ လုံခြုံရေးနှင့် လူရေးလူမှု၊ အစုစုတွင် ရှေးရှုပါဝင်၊ စွမ်းအားရှင်ကြောင့် ပြည်ခွင်အေးချမ်း၊ လရောင်ဖျန်းသို့ လန်းဆန်းရင်မှာ အေးတော့သည်။**
- **စိတ်ဓာတ်စည်းကမ်း၊ ကြီခိုင်စွမ်းဖြင့် တင့်ဆန်းထုံမြ၊ စည်းလုံးကြလျက် လနှယ်ငြိမ်းအေး၊ နေခြည်နွေးသို့ ပြည်ရေးအတွက်၊ အဘက်ဘက်က ထက်သန်ဖြည့်ဆည်း၊ အသင်းကြီးမို့ စီးဝင်နှလုံး၊ ပီတိဖုံး၍ ရွှင်ပြိုးဂုဏ်ပြုလျက်တကား။**

[ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ကို ဂုဏ်ပြုလျက်]

**ထီယု**

**ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

**အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲ ခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

*** ကျောဇုံးမှ**

ဆက်လက်၍ အကြံပြုချက်စာတမ်းအပေါ် တက်ရောက်လာကြသော ကိုယ်စားလှယ်များက ဖြည့်စွက်အကြံပြုဆွေးနွေးပြီး အတည်ပြုချက်ရယူနိုင်ရန် အတွက် အလှည့်ကျသဘာပတိက သဘောထားရယူကာ အတည်ပြုကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိုဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။

**အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့**

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသိန်းညွှန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ ဦးတို့အနက် ၅၅ ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါ်ခင်မိမိထွန်းက လည်းကောင်း၊ တရားရုံးချုပ်ရှေ့နေ ဦးနန္ဒကျော်စွာကလည်းကောင်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဒေါက်တာမြင့်သိန်းကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

**နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲ ခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် အလှည့်ကျသဘာပတိက နိုဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့**

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကာကွယ်ရေး

**အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ မောင်မောင်ဝင့် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၉ ဦးတို့ ရှိသည့်အနက် ၁၀၇ဦးတို့ တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဗိုလ်ချုပ်အောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အစိုးရအဖွဲ့ရုံးမှ ဒေါ်စောကြည်ကြည်က လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒေါ်စန်းမြင့်ကလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ကြည်သိန်းကလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိုဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ဝန်ကြီး ပိုလ်မှူးချုပ်သိန်းအောင်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၉**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည်နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ကျင်းပမည့် ဒသမအကြိမ် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး အဆင့် အစည်းအဝေးနှင့် ပဉ္စမအကြိမ် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး အဆင့် အစည်းအဝေးများသို့ တက်ရောက်ရန် နိုဝင်ဘာ ၇ ရက်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါ**

ဝန်ကြီးနှင့်အတူ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရန့်

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန့် ဖြစ်သည်။

**၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွက်**

**(၁၂-၁၁-၂၀၀၆)ရက်နေ့**

နှင့်

**(၂၆-၁၁-၂၀၀၆)ရက်နေ့**

# မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

တောင်ဥက္ကလာပမြို့နယ် ၁၂ ရပ်ကွက်၊ မာဃလမ်း မာဃမေမ္မာရုံတော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ (၆၄)ကြိမ်မြောက် ခုနှစ်ရက် တရားစခန်းပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မာဌာနာစရိယမူလမေမ္မာစရိယဆရာကြီး ဦးကြည်၏ ဥပနိဿယမူအတိုင်း မေမ္မာနုပဿနာသတိပဋ္ဌာန်တရားကို မေမ္မကထိက ဘဒ္ဒန္တ ဝိဇ္ဇာလင်္ကာရ၊ ဦးခင်မောင်ရီဦးမောင်အုန်း၊ ဦးသိန်းဆွေနှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများ နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီအရောက် လာကြရမည်ဖြစ်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသူများ၊ တရားစခန်းဝင်လိုသူများ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ မေမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၇၄၉၄၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင် ဖုန်း-၅၇၂၄၈၆၊ စာရင်းစစ် ဦးစိန်ဝင်း ဖုန်း-၇၂၅၂၅၉၊ အတွင်းရေးမှူး ဦးမောင်မောင်ဖုန်း-၀၉၉၉၂၇၃၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၀၆(သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥက္ကမသာရ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကရေ၊ မေဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈း၀၅ ၆။ အကပြိုင်ပွဲ

၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်

၈း၃၀ ၈။ International News.

၈း၄၅ ၉။ English for Every day Use.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ Demonstration Exercises forCorrectPronunciation.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)

၅း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၅း၂၅ ၇။ မြန်မာစာမြန်မာစကား

၅း၃၅ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလုံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးနိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုနိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**

၅း၄၀ ၉။ နောင်းခေတ်တေးပဒေသာ

၆း၀၀ ၁၀။ ညနေခင်းသတင်း

၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၂။ သုတစုံလင် ရွှေဘဏ်ရှင်

၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နတ်သမီး"(အပိုင်း-၁၇)**

၈း၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးပထမချစ်ပုံပြင်" (အပိုင်း-၁၆)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

# ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဘုံကထိန်လျာသက်နှံး ဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ဒုတိယအကြိမ်မြောက် ဘုံကထိန်လျာသက်နှံး ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီတွင် မော်ဘီဖြို့နယ် ရွှေနံသာရပ် ချမ်းမြေဖြိုင် စာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များက ကျောင်းထိုင်ဆရာတော်နှင့် ပင့်သံဃာ အရှင်သူမြတ်တို့အား တန်ဖိုးငွေကျပ် ၁၄၀၀၀၀ ရှိ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုဝင်ဘာ ၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ကြိုဆိုနှုတ်ဆက်

**နိုဝင်ဘာ ၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးဖြင့်ဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သူကြီး Colonel Ngi Vanndin ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ

ဦးအောင်သောင်းက ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဓမ်းအနာများက စုဖွဲ့မှုများအလိုက် စည်ရုံးရေးနှင့် စီမံရေးရာကဏ္ဍ၊ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ၊ စီးပွားရေးရာကဏ္ဍ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး ကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ် လူငယ်များကဏ္ဍ၊ စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတို့အတွက် နီးနောဖလှယ်ပွဲများ ကျင်းပမည့် အစီအစဉ်နှင့် အစုအဖွဲ့အခြောက်ဖွဲ့ ဖွဲ့စည်းထားရှိမှုအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အကြည်ဓိုရှိင်း အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

## မိုးကုတ်တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်ဖြို့ အင်းစိန် ပေါက်တော ကျောင်းမှ ဦးသြဘာသ (သာသနဓဇ ဓမ္မာစရိယ) B.A(မြန်မာ)၊ M.A (အိန္ဒိယ) အရှင်သူမြတ်သည် နတ်တော်လဆန်း ၂ ရက်မှ ၈ရက်အထိ စစ်ကိုင်းတိုင်း ဇီးကုန်းဖြို့တွင် လည်းကောင်း၊ နတ်တော်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်အထိ တန့်ဆည်ဖြို့နယ် သဲကုန်းရွာတွင်လည်းကောင်း ခုနှစ်ရက် တရားစခန်းပွဲများကို ကျူးဇူးရှင်မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်သည်။ (က-ပ)

**မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသော ကာယဗလမောင်း၊ ကာယအလှမယ် ဆံကေသာအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ရက် ညက မော်လမြိုင်ဖြို့ ပြည်နယ်စန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးက ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုရ မှဒုံဖြို့နယ်မှ နှင်းအဥ္ဇလီလှိုင်အား ဆုချီးမြှင့်စဉ်။** (၃၀၇)

## ဒဂုံတက္ကသိုလ် အာစရိယ ပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၉

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တာမွေမြို့နယ် ဗညားဒေလမ်း ကျောက်မြောင်းမီးပွိုင့်အနီး အမှတ်(၃၆၃)ရှိ Peace Burger & Snacks ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် နှင့် ကိုမောင်မောင်ဦး ဖုန်း-၀၉-၅၁-၄၉၉၇၇၊ ကိုမျိုးသန်းထွန်း ဖုန်း-၀၉-၈၀-၂၀၀၁၃၊ ဦးစိုးကိုကို ဖုန်း-၀၁-၆၉၀၄၉၉၊ မမြတ်သဥ္ဇာဝင်း ဖုန်း-၀၁-၇၂၀၄၈၈၊ မထားအိဝင်း ဖုန်း-၀၁-၅၂၆၆၂၃၊ မသူဇာဝင်း ဖုန်း-၀၁-၂၄၃၂၆၇၊ ၅၄၀၃၂၆၊ မမျိုးမြတ်မွန် ဖုန်း-၀၁-၃၈၁၃၃၊ ကိုမင်းထွဋ်ဦး ဖုန်း-၀၉-၅၁၂၉၁ တို့ထံ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PCM-11 ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-16၊ M-17 နှင့် M-18 တို့၌ ရေနံအစမ်းတွင်းများ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ရေနံတွင်းတူးစက် Energy Searcher ဖြင့် နိုဝင်ဘာ ၁ ရက်မှ ၂၀၀၇ ခုနှစ် ဧပြီလ ၃၁ရက် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Energy Searcher ဖြင့် တူးဖော်မည့် ရေနံအစမ်းတွင်းများ၏ တည်နေရာနှင့် အချိန်ကာလများမှာ လုပ်ကွက်အမှတ် M-16 ရေနံအစမ်းတွင်း Galon g#1 မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၂၉မိနစ် ၃၃ ဒသမ ၆၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁မိနစ် ၂၃ ဒသမ ၉၀၆ စက္ကန့်၌ စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၃၁ရက်အထိလည်း ကောင်း၊ လုပ်ကွက်အမှတ် M-18 ရေနံအစမ်းတွင်း Hinthar#1 မြောက်လတ္တီတွဒ် ၀၉ဒီဂရီ ၅၀မိနစ် ၀၂ဒသမ ၃၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၈မိနစ် ၂၁ ဒသမ ၃၇၂ စက္ကန့်၌ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ လည်းကောင်း၊ လုပ်ကွက်အမှတ် M-17 ရေနံအစမ်းတွင်း Chinthe#1 မြောက်လတ္တီတွဒ် ၁၀ဒီဂရီ ၃၆မိနစ် ၄၃ ဒသမ ၃၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉မိနစ် ၀၄ ဒသမ ၈၈၅ စက္ကန့်၌ ဒီဇင်ဘာ ၈ရက်မှ ၂၀၀၇ ခုနှစ် ဧနှစ်ဝါရီ ၆ ရက်အထိ လည်းကောင်း၊ လုပ်ကွက်အမှတ် M-16 ရေနံအစမ်းတွင်း Nagar#1 မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၁၆မိနစ် ၄၁ ဒသမ ၀၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၄၉ မိနစ် ၁၈ ဒသမ ၅၉၂ စက္ကန့်၌ ၂၀၀၇ ခုနှစ် ဧနှစ်ဝါရီ ၈ရက်မှ ၃၁ရက်အထိဖြစ်သည်။

ထို့ကြောင့် တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M-16 ၊ M-17 နှင့် M-18 တို့၌ ရေနံတွင်းတူးစက် Energy Searcher ဖြင့် ရေနံအစမ်းတွင်းများ ဆက်လက်တူးဖော်နေစဉ်ကာလအတွင်း လုံခြုံမှုဘေးအန္တရာယ် မရှိစေရေးနှင့် ရေနံတွင်းတူးစက် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ရေနံတွင်းတူးစက်မှ လေးကီလိုမီတာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## The Live News ဂျာနယ် အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၉

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ တက်ရောက်လိုသူများလာသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့မီးရထားအချိန်စာရင်းသစ်များ၊ ဘမျိုးဘိုးတူ ဝန်ကြီးချုပ်ဖြစ်လာသူ ရှင်ဇိုအာသေး၊ တရုတ်နိုင်ငံ၏ ဒေါ်လာကုဋေ ၁၉၀ တန် အာဖရိကခြေလှမ်း၊ ကန့်လန့်ကာ နောက်ကွယ်မှ ကမ္ဘာ့စီးပွားရေးအန္တရာယ်၊ ပြစ်ဒဏ်စီရင်ချက်ချခံရတဲ့ ဆက်ဒမ်ဟူစိန်၊ သာဂဒိုး၏ အေရောဂါ ပိစပ်နဲ့ပျောက်တာအတွေ့၊ ဒေါက်တာမတင်ဝင်း၏ နဝမမြောက် ချက္ကရီဘုရင်မင်းမြတ်နှင့် မိဖုရားအကြောင်း၊ ကိုကိုလှိုင်၏ အမေရိကန်မှ တစ်ပါတီစနစ်ကို ပြောင်းလဲပစ်ဖွယ်ရှိသည့် သက်တမ်းတင်လွှတ်တော် ရွေးကောက်ပွဲ၊ စိုးမြင့်ငြိမ်း၏ ပြိုင်ကားမောင်း ခုနှစ်ထပ်ကွမ်း ကမ္ဘာ့ချန်ပီယံ စသည်သတင်း၊ ဆောင်းပါး၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ၊ အမြို့မြို့အနယ်နယ်မှ စာမူပေးပို့လိုသူများသည် အမှတ်(၃၀၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်ဖြို့နယ်၊ ရန်ကုန်ဖြို့၊ ဖုန်း-၂၂၉၈၅၂၊ ၂၂၉၈၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)


MRTV-4
ဂျပ်ခြင်သံကြားအစီအစဉ်

၁၀-၁၁-၂၀၀၆ (သောကြာနေ့)

| | | | |
|---|---|---|---|
| ၇:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် | ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၇:၀၅ | Myanmar Video Rhythm | ၁၀:၂၀ | သုံးဆယ်ရေလောင်တမံ (ဝဲနားတိုင်း) |
| ၇:၅၅ | တေးဂီတအစီအစဉ် | ၁၀:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၀၀ | ကုန်သွယ်စီးပွား နိုင်ငံအား (ကုန်သွယ်မှု၏ အားထားရာ ဆိပ်ကမ်းသီလ၀၊) | ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | ပြည်တွင်းသတင်းအကျဉ်း | ၁၀:၄၅ | Science Tech Today ကမ္ဘာ့ရာသီဥတု |
| ၈:၃၅ | ကျန်းမာခြင်းဆိုင်ရာ သိကောင်စရာများ | | ပြောင်းလဲခြင်း(အပိုင်း-၂) [ဦးထွန်းလွင်၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈:၄၅ | တေးဂီတအစီအစဉ် | ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၈:၅၀ | ရောင်ပြန်မေတ္တာ ဖူးပွင့်ဝေဆာ | ၁၁:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| | နှင်းဆီကုန်းဘိုးဘွားရိပ်သာ | ၁၁:၂၀ | အရက်အန္တရာယ် |
| ၉:၀၅ | နိုင်ငံတကာသတင်းအကျဉ်း | ၁၁:၄၀ | တေးဂီတအစီအစဉ် |
| ၉:၁၀ | ရန်ကုန်ထရန်စဖော်မာ | ၁၁:၄၅ | ကန်တော်ကြီး ရေချေငါး(ဥယျာဉ် (အပိုင်း-၂) |
| ၉:၂၅ | တေးဂီတအစီအစဉ် | ၁၂:၀၀ | MRTV-4 အပိတ် Logo |
| ၉:၃၀ | Basic Computer Learning For Beginner(Vol:6) | | **အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။** |
| ၉:၅၅ | မိုးလေဝသခန့်မှန်းချက် | | |
| ၁၀:၀၀ | လင်းလက်တောက်ပ သင်္ဘောဆေးအလှ | | |

# ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး သက်တမ်း (၂၃၁၄)နှစ်မြောက် ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်ပွဲတော်မုခ်ဦးအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တအတွင်းရေးမှူး ရဲမှူးကြီးတင်သိန်းဟန်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ (က-ပ)

**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၄) ရပ်ကွက် စည်ပင်လမ်းနေ မိခင်ကြီး ဒေါ်ကြည်ခင်နှင့် သား၊ သမီး၊ မြေးမိသားစုတို့က အလှူတော်ငွေ ကျပ် ၃၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ဘဏ္ဍာရေးမှူး အရှင်မာမက (M.A)ရှေ့မှောက်တွင် အကျိုးတော်ဆောင် ဒေါ်ချိုချိုဇင် (မြစ်ကျိုး)ထံသို့ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**မိခင်ကြီး ဒေါ်စန်းရှင်အား အမှူးထား၍ ဦးကျော်လှိုင်-ဒေါ်ညွှန့်ညွှန့်ရီ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိလင်္ကာရထံ ရေစက်ချ အနမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# မြန်မာအမျိုးသမီးဘောလုံးအသင်း ပွဲဦးထွက် အိန္ဒိယအမျိုးသမီးအသင်းကို အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၀၇ခုနှစ် အာရှ အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေဒေသ စံတော်ချိန် ၄နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

**အနိုင်ရ**

(က)အုပ်စုမှ အသက် (၁၉)နှစ်အောက် မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံ အမျိုးသမီးရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး -တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၈မိနစ်တွင် ခင်မာလာထွန်းက ပထမဂိုးသွင်းယူခဲ့ပြီး မိနစ် ၂၀တွင် ခင်မိုးဝေက ဒုတိယဂိုးကို သွင်းယူကာ ပထမပိုင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားသည်။ ဒုတိယပိုင်း ၃၃မိနစ်တွင် အိန္ဒိယ အမျိုးသမီးဘောလုံးအသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူသည်။

ပွဲချိန်အပြည့် ယှဉ်ပြိုင်ကစားပြီးနောက် မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**လေးဂိုး-ဂိုးမရှိ**

အိန္ဒိယအမျိုးသမီး ဘောလုံးအသင်းသည် ပထမပွဲစဉ်တွင် ဂျော်ဒန်နိုင်ငံ အမျိုးသမီး ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် နိုဝင်ဘာ ၁၁ ရက်တွင် ဂျော်ဒန်နိုင်ငံ အမျိုးသမီးဘောလုံးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ လာရောက်ကြည့်ရှုလေ့လာသူများပြား

**ရန်ကုန် နိုဝင်ဘာ ၉**

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ဒုတိယနေ့အဖြစ် ဒဂုံမြို့နယ် ဦးဝိစာရလမ်းတပ်မတော်ခန်းမ၌ ခင်းကျင်းပြသရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများစုစုပေါင်း ၂၂၅၃ဦး လာရောက်ကြည့်ရှုလေ့လာကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# ကွန်ပျူတာအရောင်းဆိုင်နှင့် အင်တာနက်ကဖေးဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

GENERIC Technology Solutions Provider ကွန်ပျူတာ ဆက်စပ်အပိုပစ္စည်းများ အရောင်းဆိုင်နှင့် အင်တာနက်ကဖေးဆိုင်ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ဆိုင်တည်ရှိရာ ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၂၂၃) ကျိုက္ကဆံလမ်း (ကျောက်မြောင်းဈေးအနီး)တွင် ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဦးထွန်းထွန်းဦးနှင့် ဒေါ်စုနှင်းထွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ GENERIC တွင် မြန်နှုန်းမြင့် ADSL လိုင်းတပ်ဆင်ထား၍ အချိန်ကြာမြင့်စွာမလိုဘဲ ချောမွေ့စွာအသုံးပြုနိုင်ရန် စီစဉ်ထားခြင်း၊ ကွန်ပျူတာသင်တန်းများကိုလည်း MCSE, CCNA, MCSD, MCDBA လက်မှတ်ရ ဆရာများကိုယ်တိုင် သင်ကြားပေးခြင်း၊ Video Conferencing နည်းပညာကို အသုံးပြုထားခြင်းကြောင့် နိုင်ငံတကာရောက်မိမိ၏ မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများကို မျက်နှာချင်းဆိုင် စကားပြောသကဲ့သို့ ပြောဆိုနိုင်ခြင်း၊ ကွန်ပျူတာ ဆက်စပ်အပိုပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာ ရောင်းချခြင်းနှင့် ကွန်ပျူတာတစ်လုံးဝယ်ပါက အိမ်အရောက်တပ်ဆင်ပေးခြင်း စသော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဖုန်း-၅၄၅၄၂၀ နှင့် ၄၄၁၂၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**GENERIC ကွန်ပျူတာ ဆက်စပ်အပိုပစ္စည်းများ အရောင်းဆိုင်နှင့် အင်တာနက်ကဖေး ဆိုင်ဖွင့်ပွဲတွင် ဦးထွန်းထွန်းဦးနှင့် ဒေါ်စုနှင်းထွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ဝါဏိဇ္ဇဘွဲ့ရများအသင်း ပို့ချဆွေးနွေးမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) CGA မှ ကြီးမှူး၍ နိုဝင်ဘာ ၁၈ရက်(စနေနေ့) တွင် ဦးတင်မောင်ဝင်း ညွှန်ကြားရေးမှူး (ငြိမ်း) ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနက ပြည်ပပို့ကုန် လုပ်ငန်းဆင့်များနှင့် ပြဿနာအဖုံဖုံ အတွေ့အကြို့" "Major Steps in Exporting and practical problems facing in foreign trade"ခေါင်းစဉ်ဖြင့် Work Shop ကို အသင်းခန်းမ၌ ပို့ချဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ တက်ရောက်နိုင်ကြောင်း သိရသည်။ လူဦးရေ ကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများ အသင်းရုံး ဖုန်း-၂၉၁၆၆၇ အမှတ်(၃၇/၄၁)၊ လမ်း(၅၀)အောက် ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

# အင်တာနက် အားကစားသတင်းများ

## ကားလင်းဖလားဘောလုံးပြိုင်ပွဲ ကျင်းပ ပရီမီယာလိဂ် အသင်းလေးသင်း ကွာတားတက်

**လန်ဒန် နိုဝင်ဘာ ၉**

ပရီမီယာလိဂ်ပြိုင်ပွဲဝင် ဘောလုံးအသင်းများဖြစ်ကြသော ချယ်လ်ဆီး၊ လီဗာပူး၊ အာဆင်နယ်နှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့သည် ဗုဒ္ဓဟူးနေ့က ကျင်းပသော ကားလင်းဖလား ဘောလုံးပြိုင်ပွဲတွင် အသီးသီးအနိုင်ရရှိခဲ့ကြပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိသွားကြပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချယ်လ်ဆီးအသင်းသည် အက်စတွန်ဗီလာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပထမပိုင်းတွင် ဖရန့်လမ်းပတ်က ဂိုးသွင်းခဲ့ပြီး ဒုတိယပိုင်း၌ အင်ဒရီရှက်ချင်ကို၊ မိုက်ကယ် အက်ဆီယန်နှင့် ဒစ်ဒါဒရော့ဘာတို့က ဂိုးသွင်းယူခဲ့ကြသည်။

လီဗာပူးအသင်းသည် ဘာမင်ဂမ်အသင်းကို ပထမပိုင်းမပြီးဆုံးမီ အင်နီယယ်အဂ္ဂါ၏ အနီးကပ်ကန်သွင်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းသည် အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲချိန် ၁၉မိနစ်တွင် အဲဗာတန်အသင်းမှ ဂျိစ်းစ်မက်ဖာဒင် ထုတ်ပယ်ခံခဲ့ရပြီးနောက် အာဆင်နယ်အသင်း အားသာချက်ရရှိသွားသည်။

စပါးအသင်းသည် လိဂ်-၁ (League One) ဘောလုံးပြိုင်ပွဲဝင် ပို့ဗယ်လီအသင်းကို အချိန်ပိုကစားပြီးနောက် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အင်တာနက်။**

## မလျော်မကန်ပြုမူမှုဖြင့် နည်းပြနှစ်ဦးကို အက်ဖ်အေစွဲချက်တင်

**လန်ဒန် နိုဝင်ဘာ ၉**

ပြီးခဲ့သည့် တနင်္ဂနွေနေ့က အပ်တန်ပါ့ခ်ဘောလုံးကွင်းတွင် ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးနှင့် ဝက်စ်ဟမ်း မန်နေဂျာ အေလန်ပါဒူးတို့ ပဋိပက္ခဖြစ်ခဲ့ကြပြီးနောက် မလျော်မကန်ပြုမူမှုများဖြင့် ၎င်းတို့နှစ်ဦးကို အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က စွဲချက်တင်လိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဝက်စ်ဟမ်းအသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲချိန် ၈၉ မိနစ်တွင် အိမ်ရှင်အသင်းမှ ဟဲဝုဒ်က အမှတ်မထင် ဂိုးသွင်းနိုင်ခဲ့ရာ အာဆင်နယ်အသင်း အံ့အားသင့်ခဲ့ရသည်။

ယင်းသို့ ဂိုးသွင်းနိုင်ခဲ့ပြီးနောက် အောင်ပွဲခံနေသော ပါဒူးကို အာဆင်ဝင်းဂါးက စိတ်ဆိုးမာန်ဆိုးဖြင့် တုံ့ပြန်ခဲ့ရာမှ ၎င်းတို့နှစ်ဦးစလုံးကို လူခွဲပေးလိုက်ရသည်။ **အင်တာနက်။**

## လီဗာပူး ကွင်းလယ်ကစားသမား ထိခိုက်ဒဏ်ရာရမှုကြောင့် အနားယူရမည်

**လန်ဒန် နိုဝင်ဘာ ၉**

လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမား မိုဟာမက်ဆစ်ဆိုသည် ကားလင်းဖလား ဘောလုံးပြိုင်ပွဲတွင် ဘာမင်ဂမ်အသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ပခုံးအဆစ်လွဲသည့် ထိခိုက်ဒဏ်ရာရမှုနှင့် တွေ့ကြုံခဲ့ရပြီးနောက် ကာလအတန်ကြာမျှ အနားယူရမည်ဖြစ်ကြောင်း နည်းပြ ရာဖေးဘင်နီတက်ဇ်က ယနေ့ ပြောကြားသည်။

မာလီလူမျိုး ဆစ်ဆိုသည် ဘာမင်ဂမ်မြို့ရှိ စိန့်အင်ဒရူးဘောလုံးကွင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးဝါးကုသမှုခံယူရမည်ဖြစ်သည်။ နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ယင်းပွဲတွင် လီဗာပူးအသင်းက ဘာမင်ဂမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်သည်။

ကွင်းလယ်ကစားသမား ဆစ်ဆို ဒဏ်ရာရရှိခြင်းသည် နည်းပြ ဘင်နီတက်ဇ်အတွက် ထိခိုက်နစ်နာမှုဖြစ်သည်။ ဆစ်ဆိုသည် တစ်လထက်မနည်း အနားယူရဖွယ်ရှိကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။ **အင်တာနက်။**

## ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှုမှ သဘာဝတည်ငြိမ်လျှပ်စစ်တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွား နိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြု ရှောင်ကြဉ်ကြပါရန်။

**မီးသတ်ဦးစီးဌာန**

(၆)နှစ်ပြည့်အထူးထုတ်

ကြေးမုံ မဂ္ဂဇင်း

MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများအား ကြည်ရှုအားပေးလိုသောပရိသတ်များအတွက်

(၅-၁၁-၂၀၀၆) မှစ၍

တော်တို့ ပေတ္တာလေက်ဆောင်ရွှေပည်၊ အင်းစိန်ဈေးနှင့်

အခြားစိတ်ဝင်စားဖွယ်အစီအစဉ်များစတင်နေပြီနော်...

အသေးစိတ်သိရှိလိုပါက

ဝုန်း ၊ ၅၅၈၇၄၊ ၅၅၉၀၇၀၊ ၃၉၂၂၅၇၆ ကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။

Special Promotion

FAMILY Entertainment Group

(၁၇.၁၁.၂၀၀၆) နေ့အထိသာ

၁၉၉၂ နှင့် ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ၌ ပထမနှစ် တက်ရောက်ခဲ့ကြသော ဘုမိဗေဒအထူးပြုကျောင်းသား/သူတော်ကောင်းများ

အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ

သူ့ကောင်းကျိုးရေး ... အာစရိယရေးဇော်ပွဲ၌ (မြန်မာနှစ်ဆုံးဖြတ်ရက်)

နေ့ရက် - ၁၄-၁၁-၂၀၀၆ ( အင်္ဂါနေ့ - အပျိုးသားနေ့ )

အချိန် - နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီထိ

နေရာ - တက္ကသိုလ်များမေဒွေရုံ

ဆက်သွယ်ရန် ...

ပြတိတ်လိုင် - ဒေါ်ခင်ဇော်ဝင်း၊ ဦးစိန်၊ ဒေါ်ဝင်းမြင့်

သိန်းသန့်နိမ့်(တရုတ်ကြိုး) - ဒေါ်ခင်ဇော်ဝင်း၊ လှမော်၊ ဒေါ်ခင်မာမာ

ဝင်းမော်နိုင်နိမ့်(ဗားရှင်းကြိုး) - ဦးမြသိန်းဆောင်၊ ဒေါ်ခင်ဇော်ဝင်း

သောင်းနိုင်းဆောင်(အရွယ်ကြိုး) - ဒေါ်ခင်ဇော်ဝင်း၊ ဝင်းမြင့်၊ ဒေါ်ခင်မာမာ

သိန်းစိုး - ဦးစိန်သန်းလွင်၊ ဒေါ်ခင်မာမာ

ရန်ကုန်ပြုရှိပရိသတ်များ အနေဖြင့်

အထူးအစီအစဉ်များအရေ မေတ္တာလက်ဆောင်ရယူပြီး အောက်ပါ Package များမှ နှစ်သက်ရာကိုထပ်မံရွေးချယ်၍ ဝယ်ယူနိုင်ပါပြီ။

Super Package
6 Months (or) 12 Months
(1) STAR Movies
(2) STAR World
(3) National Geographic Channel
(4) Adventure One
(5) Channel [V] International
(6) Discovery Channel
(7) Discovery Travel & Living
(8) Animal Planet
(9) CNN
(10) Cartoon Network
(11) MTV
(12) Euro Sport

International Package I
6 Months (or) 12 Months
(1) CNN
(2) Animal Planet
(3) Discovery Channel
(4) Discovery Travel & Living
(5) Euro Sport
(6) MTV
(7) Cartoons Network

International Package II
6 Months (or) 12 Months
(1) CNN
(2) STAR Movies
(3) STAR World
(4) Channel [V] International
(5) National Geographic Channel
(6) Adventure One

FAMILY Entertainment Group

အမည်ပြောင်း

ရွှေကောင်ဖြို့နယ်၊ ကျွဲတလင်းရွာခဲ့၊ အထက သတ္တမတန်းမှ အဖ ဦးကျော်စွာဖြင့်၏ သား မောင်အောင်ကျော်ကျော်အား မောင်မင်းဟိန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

SUPER FINE
TV-VCD-DVD
Service Centre
0999-73578

သမီးအဖြစ်မှ အဓမ္မဖြတ်နှုန်းလွှတ်ခြင်း

မမိုးပြည်ဦး (၁၂/အစန(နိုင်)၂၁၀၈၈၃) သည်မိဘ၏ ပြောဆိုဆုံးမမှုကိုနာခံမှုမရှိခြင်း၊ ဂုဏ်သိက္ခာကျဆင်းစောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အဓမ္မဖြတ်နှုန်းလွှတ်လိုက်သည်။ ၎င်း နှင့်ပတ်သတ်သောကိစ္စများကို တာဝန်မယူပါ။ **(ခုံစမ်းမေမြန်ခြင်းသိန်းခဲပါ။)**

**ဦးလှထွေး-ဒေါ်စန္ဒာဦး အင်းစိန်၊ရွာမ**

အခွန်ဝိုင်ငွေသေး ငွေသော
အနာဒါမ်မမြစ်သေးသူအား ထုံးအတွက်

အချစ်နှင့် ဝိပဿနာ
ရဝေန္တယ် (အင်းမ)

ပြန်ဆုံးစကားနှင့် - ဒေးဝေးစေး စပျစ်ဝေး - ထွန်ဦးစိုးမေး ၊ ဒုဂိုးစေး

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး(ဘွဲ့ရ) ကျား(၁)ဦး
၂။ စာရင်းကိုင် (ဘွဲ့ရ) ကျား(၁)ဦး

အထက်ပါရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ အသက်(၂၅)နှစ် မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။ လစာကောင်းကောင်းပေးမည်။ စားစရိတ်အပြီးအငြိမ်း နယ်တွင်နေထိုင်နိုင်သူဖြစ်ရမည်။ ကိုယ်ရေးရာဇဝင် အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ နေထိုင်မှုမှန်ကန်ကြောင်း ထောက်ခံစာ၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

DANA AUNG GROUP PRODUCTION CO., LTD.

အမှတ်(၆၆၆)၊ အခန်း(၄)(ပထမထပ်)၊ ချွေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၂၄၁၁၉၄၊ ၂၄၆၇၉၂(၈၀၁)**

ခွာခိုပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ချင်းရိုးရာ ခွာခိုပွဲတော်ကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဖျိုးဥယျဉ် အတွင်း ပျိုးပင်များပြုစုပျိုးထောင်ထားရှိမှု အခြေအနေကို အောက်တိုဘာ ၂၅ ရက်က ရမိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

## စမ်းချောင်းလမ်း တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဥာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက နိုဝင်ဘာ ၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ခုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ် ဓမ္မဒါန်ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

## မိုက်တီးလေးများ ဇာတ်သိမ်းပိုင်းပြသနောက် သောကြာ၌ ရွှေမိုးသည်း ရုံတင်မည်

**သမ္မတနှင့်သွင် အဆင့်မြင့် ရုရှင်ရုံများ၌ ဆက်လက်ပြသလျက်ရှိသည့် မိုက်တီးလေးများ (ဇာတ်သိမ်းပိုင်း) မှ ဇာတိဝင်ခန်း တစ်ခန်းကို ဆွဲ.ရစဉ်။**

**ရန်ကုန် နိုဝင်ဘာ ၉**

နိုဝင်ဘာ ၁၀ ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင် ဇာတ်ကားသစ်များ ရုံမတင်ဘဲ ပြသဆဲဖြစ်သော မိုက်တီးလေးများ (ဇာတ်သိမ်းပိုင်း)ကားသာ ဆက်လက်ပြသမည်။

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာမိုက်တီး ရိုက်ကူးသော မိုက်တီးလေးများ (ဇာတ်သိမ်း) ပိုင်းတွင် မိဘနှစ်ပါးမရှိတော့သော သူငယ်ချင်းအလင်းရောင်ကို ကျော်ကာခံခဲ့ကာ ဇောင်ရောက် ကျွေးမွေးခဲ့သည်။

အလင်းရောင်မှာ စရိုက်ကြမ်းသော ကျောက်ခဲ၏ ညီအစ်ကိုများ ကြားတွင် အဆင်ပြေအောင် ကြိုးစားနေထိုင်ရင်းဖြင့် မိုက်တီးလေးများ ဇာတ်သိမ်းပိုင်းကို စတင်ထားသည်။ အဆိုပါဇာတ်ကားကို သမ္မတနှင့်သွင်ရုံတို့တွင် တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။

**ရွှေမိုးသည်း**

နိုဝင်ဘာ ၁၇ရက် လာမည့် သောကြာပတ်တွင် ဒါရိုက်တာ ဇာတ်ပို့ အဏ်ထော်နီ ရိုက်ကူးပြီး အကယ်ဒမီရုန်အောင်၊ ဥက္ကာမင်းမောင်၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ စန္ဒီမြင့်လွင်၊ ဇင်မျိုး၊ ဇော်ဇော်အောင်နှင့် ကောင်းမြတ်ကျော်တို့ပါဝင်သည့် ရွှေမိုးသည်း ဆေးရောင်စုံ ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ရုံတင်ပြသမည် ဖြစ်ကြောင်း သိရသည်။

မင်္ဂလာရုံတွင် လူစွမ်းကောင်းဇောရိုး၏ စွန့်စားခန်းများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် The "Legend" of "Zorro ဇာတ်ကား၊ ရှူဆောင်ရုံတွင် ကာရစ်ဘီယံပင်လယ်မှ ဓားပြများအကြောင်း ရိုက်ကူးထားသည့် Pirates of The Caribbean ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် နာမည်ကြီး မင်းသား တွမ်ခရုစ်ပါဝင်သည့် Mission Impossible III ဇာတ်ကားများ ပြသမည် ဖြစ်သည်။ (ကြေးမုံ)

**နိုဝင်ဘာ ၅ရက်က မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခဒေါ်ရီရီမြင့် နှင့် အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်ထံ အလှူငွေကျပ်တစ်သိန်းကို Fair Deal Co., Ltd မှ Marketing Manager ဒေါ်ဖြူဖြူဝေး ပေးအပ်လှူဒါန်းစဉ်။** (မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း)

## မင်္ဂလာကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပဉ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မင်္ဂလာကောလိပ်( ၁၉၆၄-၁၉၇၆) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေ) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသူများအနေဖြင့် ဒေါ်ကြည်ကြည်တင် ဖုန်း-၀၉-၅၁၀ ၁၄၄၅၁၀၊ ဦးခင်မောင်အေး ဖုန်း-၀၉-၅၃၄၄-၁၁၄၁၊ ဒေါ်ချိုချိုထွန်း ဖုန်း-၀၂-၆၄၅၁၅၊ ဦးအေးမောင်ကြည် ဖုန်း-၀၆၁-၅၁၇၁၀၅၉နှင့် ဒေါ်ခင်မြစန်း ဖုန်း-၀၆၂-၂၉၁၅၀၆တို့ထံ ဆက်သွယ်လှူဒါန်းကြရန် မှိုးဆော်ထားသည်။ (က-ပ)

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်းဘုဟာဝမ်းနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်း၊ ဘုဟာဝမ်းအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်း စီဒီနှင့် ဓိုစီဒီများကို အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်း၊ ဘုဟာဝမ်း ခေါင်းဆောင်သည့် လာအိုချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဖြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူဖြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။**

**လက်ဆောင်ပေးအပ်**

ထိုသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ခရီးစဉ်မှတ်တမ်းမောတ်ပုံစီဒီနှင့် ဓိုစီဒီခွေများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွှန့်လှိုင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာမွိဘိုဒီစိမ်းနှင့် သံရုံးမှ ဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# ကုလသမဂ္ဂ ဒုတိယအတွဲထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ ဒုတိယအတွဲထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီသည် ယနေ့ နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် ဆစ်(ခ)လေကြောင်းခရီးဖြင့် ရန်ကုန်ဖြို့သို့ ရောက်ရှိလာသည်။**

မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သံပွဲနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂ အာရှရေးရာဌာနညွှန်ကြားရေးမှူး Mr. John Renninger နှင့် အရာရှိ Mr. Erwan Pouchous တို့ လိုက်ပါလာကြသည်။ (သတင်းစဉ်)

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သံပွဲနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ ကုလသမဂ္ဂ ဒုတိယအတွဲထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြစဉ်။** (သတင်းစဉ်)

# အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

**အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှဉ်ဘီဖြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

**အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့**

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလုပ်ညှိကျ သဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမဲ့အနာမှုံးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမဲ့အနာမှုံးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမဲ့အနာမှုံးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၇ ဦးတို့ ရှိသည့်အနက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်ညှိကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို မန္တလေးတိုင်းမှ ဦးစိုးဝင်းကလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးဝင်းမြင့်ကလည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ဦးတင့်နိုင်ကလည်းကောင်း၊ ပဲခူးတိုင်းမှ ဦးကြည်မြင့်ကလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ***

## ယနေ့ မိုးလေဝသ

**၁၀-၁၁-၂၀၀၆**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်ဖြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**မန္တလေး**

**မန္တလေးဖြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။**